# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# (၁၇)ရက်မြောက်နေ့မှတ်တမ်း
# ၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၅ ရက်
# (၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်)
# (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၄၀၀ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၃.၉၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးလင်းလင်းဦး(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၁၈-၈-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော် ကိုယ်စားလှယ်များကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ကျွန်တော် ဦးလင်းလင်းဦး၊ တနိုင်းမဲဆန္ဒနယ်က စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၄၀၀ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၁၅ ဦးရှိပါတယ်။ ၎င်းတို့ကတော့-

(၁) ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင် ခွင့် ၂ ရက်၊

(၂) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၁ ရက်၊

(၃) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၁ ရက်၊

**မူကြမ်း**

(၄) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၂ ရက်၊

(၅) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊

(၆) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်၊

(၇) ကျုံပျော်မဲဆန္ဒနယ်မှ ဦးစိုးအောင်နိုင် ခွင့် ၂ ရက်၊

(၈) ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို ခွင့် ၁ ရက်၊

(၉) ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင် ခွင့် ၁ ရက်၊

(၁၀) ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ခွင့် ၁ ရက်၊

(၁၁) ညောင်ဦးမဲဆန္ဒနယ်မှ ဦးစော ခွင့် ၁ ရက်၊

(၁၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထင်အောင်ကျော် ခွင့် ၂ ရက်၊

(၁၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးနှင်းစိုး ခွင့် ၂ ရက်၊

(၁၄) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်ဇင်လတ် ခွင့် ၂ ရက်နှင့်

(၁၅) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၁ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၁၅ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၂၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့် ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၁ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၅ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၂၆ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်း တင်ရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျား။

**မူကြမ်း**

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြား ခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မြို့နယ်စည်ပင်သာယာရေးကော်မတီမှ အန္တရာယ်အဆောက်အဦအဖြစ် သတ်မှတ်ထားသော ညောင်ရွှေမြို့ အ.ထ.က(၁)ကျောင်းဆောင်ကြီးအား ကျောင်းဆောင်သစ်အဖြစ် မည်သည့် အချိန်တွင် ဆောက်လုပ်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး မေးမြန်းဖို့ ဖြစ်ပါ တယ်။

**ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး(ညောင်ရွှေမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ပြည်ထောင်စု ဝန်ကြီးနှင့်ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ညောင်ရွှေ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ ပထမဆုံးသမ္မတကြီး ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်ဟာ ကျွန်တော်တို့အင်းလေးဒေသကို အမွေကောင်းကြီးနှစ်ခုပေးခဲ့ပါတယ်။ တောကြိုတောင်ကြားမကျန် မိဘ၊ ဆရာ၊ ကျောင်းသားညီညီညွတ်ညွတ်နဲ့ ပညာတတ်တွေယနေ့ထက်ထိ တက်တက်ကြွကြွမွေးထုတ် နေဆဲပါ။ ဒုတိယအမွေအတွက်ကတော့ Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ကျွန်တော်တို့ ဒီကျောင်းတော်ကြီးဟာ ကျွန်တော်တို့ရဲ့နိုင်ငံရဲ့ပထမဆုံးသမ္မတကြီးကိုယ်တိုင် ဦးစီးထူထောင်ခဲ့တဲ့ ကျောင်းတော်ကြီး ဖြစ်ပါတယ်။ ဒီသမိုင်းဝင်ကျောင်းတော်ကြီးဟာ ဘယ်လိုပဲအဟောင်းပြုပြင် ထိန်းသိမ်းစောင့်ရှောက်ပါစေ ဇရာရဲ့ဒဏ်ကိုမခံနိုင်ဘဲ ၅၈ နှစ်အကြာမှာ ဟောင်းနွမ်းပြိုကျ ပျက်စီး တော့မယ့်အခြေအနေဖြစ်နေပါတယ်။ ကျွန်တော်တို့ ကျောင်းသားပေါင်း ၁၃၀၀ ကျော်သင်ကြား တက်ရောက်နေတဲ့ ဒီကျောင်းတော်ကြီးဟာ ကျွန်တော်တို့သမိုင်းအမွေအနှစ်အဖြစ် ဘယ်လို

သံယောဇဉ်ငြိနေပါစေ ဒီဇရာရဲ့ဒဏ်ကြောင့် အသစ်ပြန်ပြောင်းရတော့မယ့်အခြေအနေရောက်နေပါပြီ။ ဒါဟာမျက်နှာကြက်တွေ ပြိုကျပျက်စီးနေတဲ့ပုံပါ။ အောက်မှာဘယ်လိုမှစာသင်လို့မရအောင် အတွင်းပိုင်းရော၊ အပြင်ပိုင်းရောပျက်စီးနေတဲ့ပုံတွေဖြစ်ပါတယ်။

ဒီလိုသမိုင်းဝင်အမွေအနှစ်ကြီးကို ကျွန်တော်တို့ဖက်တွယ်ထားရင်းနှင့် ဒီပညာသင်နှစ်မှာ အသစ်မပြုပြင်နိုင်ဘဲ ဘတ်ဂျက်ကိုမတင်လိုက်ရပါဘူး။ ဒါ့ကြောင့် ဒီတစ်နှစ်မှာ ကျွန်တော်တို့ ကျောင်းသားဦးရေကိုလျှော့ချလက်ခံပြီးတော့ ပညာရေးနဲ့သောက်သုံးနေတဲ့ ကျောင်းသူကျောင်းသားများရဲ့မိဘများပူပင်သောကများကို ဖြေလျှော့စေချင်တဲ့အတွက်ကြောင့် ဒီတစ်နှစ် သို့မဟုတ် နောက်နှစ်ဘတ်ဂျက်အတွင်းမှာ အမြန်ဆုံးဒီကျောင်းတော်ကြီးကို ပြန်လည်ဆောက်ပေးစေချင်ပါတယ်။ ဒါဟာ ကျွန်တော်တို့ကိုယ်တိုင်သွား၍ ကွင်းဆင်းလေ့လာပြီးတော့ အန္တရာယ်အဆောင်အဖြစ် သတ်မှတ်ခြင်းခံရပါတယ်။ ဒီကျောင်းတော်ကြီးဟာ ဒီတစ်ပတ်အတွင်းမှာပဲ ဖြိုချဖျက်ဆီးတော့မှာပဲ။ အဟောင်းတွေကို ကျွန်တော်တို့က စက်ဘီးထားတဲ့အဆောင်၊ ဝန်ထမ်းများအဆောင်အဖြစ် ပြန်လည်ဆောက်လုပ်မှာဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီကျောင်းတော်ကြီးကို ကျောင်းသူကျောင်းသားများအတွက်၊ မဲဆန္ဒရှင်မိဘများအတွက် အမြန်ဆုံးဆောက်လုပ်ပေးပါရန် တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး ကိုယ်၏ကျန်းမာ ခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီး ကျွန်တော်ဒေါက်တာ မျိုးသိမ်းကြီးက ညောင်ရွှေ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုးရဲ့ မေးခွန်းအား ရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်းရှိ ပတ္တမြားဆောင်(အန္တရာယ်ရှိ)ကျောင်းဆောင်အား ဖျက်သိမ်းခွင့်ပြုရန် ကျောင်းနှင့် မြို့နယ် ပညာရေးမှူးရုံးတို့က အဆင့်ဆင့်အမှုတွဲပေးပို့ လျှောက်ထားခဲ့ခြင်း မရှိသေးပါကြောင်း နှင့် ယခု ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာငွေများ လျာထားချိန်တွင်လည်း ၎င်း အန္တရာယ် ရှိ

ကျောင်းဆောင်အတွက် ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အမှုတွဲများကို ပေးပို့လျှောက်ထားခဲ့ခြင်း မရှိသေးတဲ့အတွက် ယခုပညာသင်နှစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ဒီကျောင်းဆောင်သစ်အတွက် ကျွန်တော်တို့ ဘဏ္ဍာငွေရရှိခြင်းမရှိသေးကြောင်း စိစစ်တွေ့ရှိပါတယ်။ ညောင်ရွှေမြို့ အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်းဟာ အထက်တန်းအဆင့်သင် ကျောင်းသားကျောင်းသူ စုစုပေါင်း ၃၅၃ ဦး၊ စာသင်ခန်းရှစ်ခန်း၊ စာသင်ခန်းနှင့် ကျောင်းသားအချိုးမှာ ၁း၄၄ ဖြစ်ပါတယ်။ အလယ်တန်းအဆင့်သင် ကျောင်းသားကျောင်းသူ စုစုပေါင်း ၇၂၈ ဦး၊ အလယ်တန်းအဆင့်သင် စာသင်ခန်း ၁၃ ခန်း၊ စာသင်ခန်းနှင့် ကျောင်းသားအချိုးမှာ ၁း၅၆ ဖြစ်ပါတယ်။ မူလတန်းအဆင့်သင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၅၅ ဦး၊ မူလတန်းအဆင့်သင် စာသင်ခန်း ခြောက်ခန်းဖြစ်တဲ့အတွက် စာသင်ခန်းနှင့် ကျောင်းသားအချိုးမှာ ၁း၄၃ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ လက်ရှိအခြေအနေတွင် ညောင်ရွှေမြို့ အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်းမှာ ပုလဲဆောင် ရှိပါတယ်။ နီလာဆောင်ရှိပါတယ်။ ပြီးရင် RC နှစ်ထပ်ဆောင်နှင့် သိပ္ပံဆောင်တွေမှာ ကျောင်းသား ကျောင်းသူတွေကို အဆင်ပြေစွာ သင်ကြား သင်ယူမှု ပြုလုပ်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ထားရှိ ပါကြောင်း တင်ပြအပ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ခုနတုန်းက ကိုယ်စားလှယ်ကြီးတင်ပြသွားတဲ့ ပတ္တမြားဆောင် (အန္တရာယ်ဆောင်) ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီပတ္တမြားဆောင်(အန္တရာယ်ရှိ) ကျောင်းဆောင်မှာ စာသင်ကြားမှု လုံးဝပြုလုပ်ခြင်း မရှိပါကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ပတ္တမြား ဆောင်(အန္တရာယ်ရှိ) ကျောင်းဆောင်အစား ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန်ကိစ္စနှင့် ပတ်သက်၍ နောက်ပညာသင် နှစ် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ယခုဦးစားပေးအစီအစဉ် အလိုက် ယခုပညာသင်နှစ်မှာ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ မင်းဓမ္မလမ်းနှင့် ပါရမီလမ်းထောင့်ရှိ တက္ကသိုလ်ဆရာဆရာမများရိပ်သာ အပါအဝင် ပညာရေးဝန်ကြီးဌာနပိုင်မြေနေရာတွင် ဆောက်လုပ်နေသော အဆောက်အဦအား မည်သို့ စီမံဆောင်ရွက်ထားသည်၊ ပညာရေးဝန်ထမ်းများအား မည်သို့နေရာချထားပေးမည်နှင့် ဆောက်လုပ်ခွင့်ရကုမ္ပဏီနှင့် မည်သို့ သဘောတူထားသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး၊ ဧည့်သည် တော်များ အားလုံး မင်္ဂလာပါ လို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လှိုင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ မင်းဓမ္မလမ်းနှင့် ပါရမီလမ်းထောင့်ရှိ တက္ကသိုလ် ဆရာဆရာမများ ရိပ်သာအပါအဝင် ပညာရေး ဝန်ကြီးဌာနပိုင်မြေနေရာမှာ ဆောက်လုပ်နေတဲ့ အဆောက်အဦတွေ များကို မည်သို့စီမံဆောင်ရွက်ထား သည်၊ ပညာရေးဝန်ထမ်းများကို မည်သို့ပြန်လည် နေရာ ချထားပေးမည်၊ ဆောက်လုပ်ရေးကုမ္ပဏီနှင့် မည်သို့ အကျိုးတူသဘောတူ ဆောင်ရွက်သည်ကို ပြည်သူများ ပွင့်လင်းမြင်သာစွာ သိရှိလို၍ မေးမြန်း ခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ မင်းဓမ္မလမ်းနှင့် ပါရမီလမ်းထောင့်ရှိ ပညာရေးဝန်ကြီးဌာနပိုင် တက္ကသိုလ်ဆရာဆရာမများရိပ်သာ ၁၂.၈၇ ဧကကျယ်ဝန်းတဲ့ သိပ္ပံပစ္စည်းစက်ရုံဝန်ထမ်းမြေနေရာ၊ အသုံးချဘူမိဗေဒပိုင်မြေနေရာ၊ ရန်ကုန် တက္ကသိုလ် လှိုင်နယ်မြေနှင့် လက်တွေ့ခန်းမြေနေရာ၊ ပါရမီဘောလုံးကွင်း၊ အခြေခံပညာဦးစီးဌာန၏ စာအုပ်သိုလှောင်ရုံမြေနေရာများမှာ Myanmar Imperial Vega Co.,Ltd ကနေပြီးတော့ အဆောက်အဦများဆောက်လုပ်နေပါတယ်။ ဆောက်လုပ်ပြီးစီးတဲ့ အဆောက်အဦအနက် တချို့ပြီးစီး သွားတဲ့အဆောက်အဦတွေမှာ ပညာရေးဝန်ကြီးဌာန အရာထမ်း၊ အမှုထမ်းတွေကို ပြန်လည်နေရာ ချထားပေးပေမယ့် သူတို့ယာယီသာနေထိုင်ခွင့်ရမယ်လို့ ပြောဆိုတဲ့အတွက် ဆရာဆရာမတွေလည်း စိုးရိမ်နေပါတယ်။ ပြည်သူများဟာလည်း ပညာရေးဌာနပိုင်မြေနေရာမှာ ပုဂ္ဂလိကအဆောက်အဦတွေ ဆောက်လုပ်တဲ့အတွက် စိုးရိမ်နေပါတယ်။ နောက်တစ်ခုက တက္ကသိုလ် အရာထမ်း၊ အမှုထမ်း၊ အိမ်ခန်း၊ အိပ်ခန်း၊ အဆောင်နေရာချထားရေးကော်မတီအစည်းအဝေး(၃/၂၀၁၆) ဆုံးဖြတ်ချက်များ အကောင်

အထည်ဖော်ရန်ကိစ္စဆိုပြီးတော့ ဂန္ဓမာအဆောင်မှာ အဆောင်နေထိုင်ခွင့်လျှောက်ထားဆဲ၊ အဆောင်မရသေးတဲ့ ဆရာမငါးဦးကို ယာယီနေထိုင်ခွင့်မပြုတော့ဘဲ ဖယ်ရှားပေးဖို့၊ Second Semester ပြီးတဲ့အချိန်မှာ အဆောင်သုံးဆောင်မှ ဆရာမများ ဖယ်ရှားပေးဖို့၊ Eco ကျောင်းသားကျောင်းသူများ အပြင်မှာ နေထိုင်ရတဲ့အတွက် ဝိဇ္ဇာ-သိပ္ပံဆရာမများကို ဖယ်ရှားပေးဖို့ အဆောင်မှူးများဟာ ၃-၇-၂၀၁၆ ရက်နေ့မှာ ဆရာမတွေကို ပြောကြားထားပါတယ်။ ဒါကြောင့်မို့ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ မင်းဓမ္မလမ်းနှင့် ပါရီမီလမ်းထောင့်ရှိ ပညာရေးဝန်ကြီးဌာနပိုင်မြေနေရာမှာ ဆောက်လုပ်နေတဲ့ အဆောက်အဦတွေ မည်သို့စီမံဆောက်လုပ်သည်၊ ဆရာဆရာမများနှင့် ပညာရေးဝန်ထမ်းများကို မည်သို့နေရာချထားပေးမည်၊ ပညာရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးကုမ္ပဏီများ မည်သို့ အကျိုးတူပူးပေါင်းဆောင်ရွက်သည်ကို တက္ကသိုလ်ဆရာဆရာမများ၊ ပညာရေးဝန်ထမ်းများ၊ ပြည်သူများက ပွင့်လင်းမြင်သာစွာ သိရှိလို၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပညာရေးဝန်ကြီးဌာနသို့ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမျိုးသိမ်းကြီး(ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ လှိုင်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦးရဲ့မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါ တယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၂) ရပ်ကွက်၊ မင်းဓမ္မလမ်းနှင့် ပါရမီလမ်းထောင့်ရှိ တက္ကသိုလ်ဆရာဆရာမများရိပ်သာအပါအဝင် ပညာရေးဝန်ကြီးဌာနပိုင်မြေနေရာများတွင် ၂၀၁၄ ခုနှစ်မှစ၍ တည်ဆောက်နေသော အဆောက်အဦများသည် နိုင်ငံတော်သမ္မတရုံး၏ ၉-၇-၂၀၁၄ ရက်စွဲပါစာအမှတ်၊ ၅၉(၁)/၇/သမ္မတရုံး ခွင့်ပြုချက်အရ မင်းဓမ္မဥယျာဉ်မြို့တော်အိမ်ရာစီမံကိန်းအဖြစ် ပညာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် Myanmar Imperial Vega Co.,Ltd တို့သည် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့က လုပ်ငန်းဆောင်ရွက်မှုသဘောတူစာချုပ်ကို ချုပ်ဆို၍ လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ မူလစာချုပ်တွင် ပညာရေး ဝန်ကြီးဌာနက မြေဧက ၂၄.၄၆ ဧက (၅၀.၀၁)ရာခိုင်နှုန်း၊ အဆောက်အဦ Floor Area ၂၇၁၃၈၀၀ စတုရန်းပေ ၅၂.၃၅ ရာခိုင်နှုန်း၊ ကုမ္ပဏီကမြေဧက ၂၄.၄၅

ဧက မြေဧက၏ စုစုပေါင်း ၄၉.၉၉ ရာခိုင်နှုန်း၊ အဆောက်အဦ Floor Area ၂၄၇၀၂၀၀ စတုရန်းပေ၊ အဆောက်အဦ Floor Area ၏ ၄၇.၆၅ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ အဆိုပါစာချုပ်တွင် ပါဝင်ခြင်းမရှိသေးသည့် ထပ်တိုးလုပ်ငန်းများဆောင်ရွက်ခွင့်ကို စီမံကိန်းစိစစ်ရေး အဖွဲ့၏စိစစ်ချက်ဖြင့် မူလစာချုပ်အား ပြင်ဆင်ချုပ်ဆိုခွင့်တင်ပြခဲ့ရာ နိုင်ငံတော် သမ္မတရုံး၏ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့ရက်စွဲပါစာ အမှတ်၊ ၅၉(၂)/၇/သမ္မတရုံး ခွင့်ပြုချက်ဖြင့် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့က ဒုတိယစာချုပ်အား ပြင်ဆင်ချုပ်ဆိုခဲ့ပါတယ်။ ပြင်ဆင်ချုပ်ဆိုခဲ့သည့်စာချုပ်အရ အကျိုးအမြတ်ခွဲဝေမှု မှာ ပညာရေးဝန်ကြီးဌာနက မြေဧက ၃၀.၃၈ (၅၀.၀၁ ရာခိုင်နှုန်း)၊ အဆောက်အဦ Floor Area ၄၆၂၁၇၁၇ စတုရန်းပေ ၅၈.၁၉ ရာခိုင်နှုန်း၊ ကုမ္ပဏီက မြေဧက ၃၀.၃၇ ဧက (၄၉.၉၉ ရာခိုင်နှုန်း)၊ အဆောက်အဦ Floor Area ၃၃၂၁၂၉၅ စတုရန်းပေ ၄၁.၈၁ ရာခိုင်နှုန်းအဖြစ် သတ်မှတ်ခဲ့ကြောင်း တွေ့ရှိပါတယ်။ အထက်ဖော်ပြပါစာချုပ်များအရ တက္ကသိုလ်ဆရာဆရာမများ၊ စီမံဝန်ထမ်းများ နေထိုင် ရန်အတွက် ပညာရေးဝန်ကြီးဌာနပိုင်အဖြစ် ရရှိလာမည့်အိမ်ခန်းများနှင့် အခြားအဆောက်အဦများမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါတယ်။ အိမ်ခန်းများကို Power Point အသုံးပြုခွင့်ပြုဖို့ တင်ပြအပ်ပါ တယ်။

(၁) ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်အဆင့်များနေရန် နှစ်ခန်းတွဲ ငါးထပ်အဆောက်အဦ တစ်လုံး ၁၀ ခန်း ၁၀၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါတယ်။ (၂) ပါမောက္ခ(ဌာနမှူး)/ညွှန်ကြားရေးမှူး/ ဌာနမှူးအဆင့်များနေရန် ခုနစ်ခန်းတွဲ ၁၂ ထပ်အဆောက်အဦနှစ်လုံး(မြေညီထပ်-ကားပါကင်အပါ အဝင်) ၁၅၆ ခန်း ၇၂ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ (၃) ပါမောက္ခ/တွဲဖက် ပါမောက္ခ/ဒုတိယညွှန်ကြားရေးမှူး(ဝါရင့်)အဆင့်များနေရန် ခုနစ်ခန်းတွဲ ၁၂ ထပ်အဆောက်အဦ နှစ်လုံး(မြေညီထပ်-ကားပါကင်အပါအဝင်)နှင့် နှစ်ခန်းတွဲ ၈ ထပ်အဆောက်အဦတစ်လုံး ၁၇၈ ခန်း ပြီးစီးမှုမှာ ၆၂ ရာခိုင်နှုန်းနှင့် ၄၅ ရာခိုင်နှုန်းအသီးသီးဖြစ်ပါတယ်။ (၄) တွဲဖက်ပါမောက္ခ/ဒုတိယ ညွှန်ကြားရေးမှူး/ကထိကအဆင့်များနေရန် ရှစ်ခန်းတွဲ ၁၂ ထပ်အဆောက်အဦ ၁၆ လုံး(မြေညီထပ်- ကားပါကင်အပါအဝင်)စုစုပေါင်း ၁၄၃၀ ခန်း ပြီးစီးမှုရာခိုင်နှုန်းမှာ ၄၀ ရာခိုင်နှုန်းနှင့် ၃၈ ရာခိုင်နှုန်း အသီးသီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ (၅) လက်ထောက်ကထိက(ဝါရင့်)အဆင့်များနေရန် ၁၂ ခန်းတွဲအဆောက်အဦ မြေအောက်ထပ်၊ ရှစ်ထပ်အဆောက်အဦတစ်လုံး ၈၄ ခန်း ဖြစ်ပါတယ်။ ဒီဟာ သည် အခန်းစုစုပေါင်း ၈၄ ခန်းဖြစ်ပါတယ်။ ဒါကတော့ ပိုင်လုပ်ငန်းဆောင်ရွက်နေဆဲပဲ ဖြစ်ပါတယ်။ (၆) လက်ထောက်ကထိကအဆင့်များနေရန် ရှစ်ခန်းတွဲ ရှစ်ထပ်အဆောက်အဦနှစ်လုံးသည် ပိုင်လုပ်ငန်း

ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ စုစုပေါင်း ၁၁၂ ခန်းရှိသော အဆောက်အဦများဖြစ်ပါတယ်။ (၇) နည်းပြ/သရုပ်ပြ(ဝါရင့်) အဆင့်များနေရန် ၁၂ ခန်းတွဲ ရှစ်ထပ်အဆောက်အဦ ငါးလုံး စုစုပေါင်း ၄၂၀ ခန်းကတော့ ပိုင်လုပ်ငန်းဆောင်ရွက်ဆဲ ဖြစ်ပါတယ်။ အထက်ဖော်ပြပါ အဆောက်အဦစုစုပေါင်း ၃၀ လုံး၊ အိမ်ခန်း ၂၃၉၀ ခန်း ပါရှိမှာ ဖြစ်ပါတယ်။ အထက်ပါ အဆောက်အဦ ၃၀ လုံးမှာ အဆောက်အဦ သုံးလုံးသည် ၁၀၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်တဲ့အတွက် အိမ်ခန်း ၁၂၂ ခန်းမှာ ဆရာဆရာမများကို နေထိုင်နိုင်ရန်အတွက် ယာယီအားဖြင့်နေထိုင်ခွင့်ပြုရခြင်းသည် အဆောက်အဦများပြီးစီးပါက သတ်မှတ် ရာထူးနှင့် သတ်မှတ်အဆင့်အတန်းအလိုက် အိမ်ခန်းများကို နေရာချထားခွင့်ပြုမှာဖြစ်တဲ့အတွက် ကြောင့်မို့လို့ ယာယီဆောင်ရွက်ခွင့်ပြုကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်၍ အဆောက်အဦများမှာ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ မြန်မာ-အိန္ဒိယစီးပွားရေး စွမ်းဆောင်မှုပညာရေးဖွံ့ဖြိုးရေးဌာန (MIEDC)မှာ အဆောက်အဦနှစ်လုံး ဖြစ်ပါတယ်။ ပြီးစီးမှု ၁၀၀ ရာခိုင်နှုန်းဖြစ်ပါတယ်။ Car Parking Building ကတော့ ခြောက်လုံးဖြစ်ပါတယ်။ နှစ်ထပ် Community Centre တစ်လုံး ဖြစ်ပါတယ်။ ပြီးရင် သုံးထပ် Community Centre(ရေကူးကန်နှင့် အားကစားခန်းမအပါအဝင်)ကတော့ ဆောင်ရွက်ဆဲဖြစ်ပါတယ်။ ပြီးစီးမှုရာခိုင်နှုန်းကတော့ ၂၃ ရာခိုင်နှုန်းဖြစ်ပါတယ်။ နောက်တစ်ခုကတော့ လေးထပ် Community Centre ပြီးစီးမှုရာခိုင်နှုန်း ကတော့ ၃၀ ရာခိုင်နှုန်းဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ရေကူးကန်နှင့် အားကစားခန်းမအပါ အဆောက်အဦတစ်လုံး ဖြစ်ပါတယ်။ တစ်ထပ်ဈေးအဆောက်အဦတစ်လုံး ပြီးစီးမှုရာခိုင်နှုန်း ၁၀၀ ရာခိုင်နှုန်း တစ်လုံးပြီးစီးနေပြီဖြစ်ပါတယ်။ နှစ်ထပ်ဈေးအဆောက်အဦတစ်လုံး ၁၀၀ ရာခိုင်နှုန်းပြည့် ပြီးစီးနေပြီဖြစ်ပါတယ်။ သုံးထပ်သိပ္ပံပစ္စည်းစက်ရုံအဆောက်အဦကတော့ ပြီးစီးမှုရာခိုင်နှုန်း ၂၀ ရာခိုင်နှုန်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ နှစ်ထပ်ခွဲ Nano စက်အဆောက်အဦ တက္ကသိုလ်များ သုတေသနဌာနအတွက်ကတော့ ပြီးစီးမှုရာခိုင်နှုန်း ၁၀၀ ရာခိုင်နှုန်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တက္ကသိုလ်တွေနဲ့ Community Centre တွေ၊ ဈေးတွေ၊ သိပ္ပံပစ္စည်းစက်ရုံတွေ၊ စက်အဆောက်အဦ တွေအတွက်ကတော့ ရရှိမည့်အဆောက်အဦ ၁၆ လုံး ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အဲဒီ ၁၆ လုံးမှာ အဆောက်အဦလေးလုံးသည် ၁၀၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အဲဒီ မြေဧရိယာတွေမှာ ယခုတင်ပြထားတဲ့ သိပ္ပံပစ္စည်းစက်ရုံရဲ့ပုံကတော့ နဂိုအတိုင်းတည်ရှိနေကြောင်းနှင့် ဒီဟာကိုတော့ ဆက်လက်ပြီးတော့မှ ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနပိုင်အိမ်ခန်းများကို အဆင့်မြင့်ပညာဦးစီးဌာနရှိ ဦးစီးဌာန၊

တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် တွဲဖက်ဌာနများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် သင်ကြားရေး၊ စီမံခန့်ခွဲရေးဝန်ထမ်းများအနက် ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မိမိကိုယ်ပိုင်အိမ်မရှိသူ၊ မိမိဇနီး သို့မဟုတ် ခင်ပွန်းပိုင်အိမ်မရှိသူ၊ နိုင်ငံပိုင်အိမ်ခန်းရယူထားခြင်း မရှိသူများမှ လျှောက်ထားခြင်းကို စိစစ်နေထိုင်ခွင့်ပြုလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ အိမ်ခန်းများနေရာချထားခြင်းကို အဆင့်မြင့်ပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်က ဥက္ကဋ္ဌနှင့် ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များက အဖွဲ့ဝင်အဖြစ်ပါဝင်သော တက္ကသိုလ်အရာထမ်း၊ အမှုထမ်းအိမ်နေရာချထားရေးကော်မတီမှ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းနှင့်အညီ ရာထူးအဆင့်တူအုပ်စုလိုက် ရွေးချယ်ရေးမူဘောင်နှင့် ညီညွတ်သူများကို သက်ဆိုင်ရာရာထူးအဆင့်အတန်းအလိုက် အိမ်ခန်းနေရာချထားရန် ပဏာမလျာထားသတ်မှတ်ပါတယ်။ အဆိုပါ လျာထားအမည်စာရင်းများကို သက်ဆိုင်ရာကျောင်း၊ ဌာနအကြီးအကဲများက သတ်မှတ်ထားသည့် အိမ်ခန်းနေထိုင်သူများ လိုက်နာရမည့်စည်းကမ်းများကို လိုက်နာနိုင်မည့်သူများအား ထပ်မံစိစစ်ပြီး အိမ်ခန်းများကို နေရာချထားပေးလျက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာရာထူးအဆင့်အတန်းအလိုက် နေရာချထားပေးလျက်ရှိပါကြောင်းနှင့် ကျောင်းသားကျောင်းသူတွေ၊ အဆောင်တွေမှာလည်းပဲ ဆရာဆရာမများသည် သူတို့တက္ကသိုလ်နှင့် မဆိုင်ဘူးဆိုလို့ရှိရင်လည်းဘဲ ဒါတွေကို ကျွန်တော်တို့စိစစ်ပြီးတော့ တက္ကသိုလ်အလိုက်၊ ရာထူးအဆင့်အတန်းအလိုက် စိစစ်ပြီးတော့ အိမ်ခန်းတွေ၊ ကျောင်းဆောင်တွေကို ကျွန်တော်တို့ နေရာချထားပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ယခုလို ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့ ပညာရေးဝန်ကြီးကိုလည်း ကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ သက်ဆိုင်ရာ ပညာရေးဝန်ကြီး ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တင်သွင်းသည့် ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး တစ်ဧကအထွက်နှုန်းမြင့်မားလာစေရန် စိုက်ပျိုးရေးနှင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်စေမည့် အစီအမံများအား ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တင်သွင်းတဲ့ ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မား ရေးအတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး တစ်ဧကအထွက်နှုန်းမြင့်မားလာစေရန် စိုက်ပျိုးရေးနှင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်စေမည့်အစီအမံများအား ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးရန် အမည်စာရင်းတင်သွင်းသူ ကိုယ်စားလှယ် ၁၈ ဦးအနက် ငါးဦးက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ၁၇-၈-၂၀၁၆ ရက်နေ့မှာ ဆွေးနွေးခဲ့ပြီးဖြစ်ပါတယ်။ ယခု ဆွေးနွေးရန်ကျန်ရှိတဲ့ကိုယ်စားလှယ် ၁၃ ဦး ဆွေးနွေး ခြင်းကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်။ ပထမဦးစွာ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦး ဖြစ်ပါတယ်။ ဝေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးရဲ့အဆို ကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အခန်း(၁) ပုဒ်မ ၂၃ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်သည် တောင်သူလယ်သမားများ၏အခွင့်အရေးများ ကာကွယ် စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်ဆိုပြီးတော့ ဖော်ပြထားပါတယ်။ တစ်ချိန်တည်းမှာပဲ ပြီးခဲ့တဲ့လွှတ်တော်က တောင်သူလယ်သမားများ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၃၂/၂၀၁၃)ကို၈-၁၀-၂၀၁၃ ရက်

နေ့က အတည်ပြုပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ သုံးနှစ်ကြာခဲ့ပေမယ့် ဒီအချိန်အထိ အသက်မဝင်သေးပါဘူး။ ပြည်သူကို အကျိုးပြုတဲ့ဥပဒေတွေ ဘယ်လောက်ပဲရေးဆွဲ၊ အတည်ပြု ပြဋ္ဌာန်းပါစေ အမှန်တကယ် အကောင်အထည်ဖော်ရမှာက အစိုးရရဲ့စိတ်စေတနာ ကောင်းပေါ် မူတည်ပြီး ပြည်သူလူထုက အကျိုးကျေးဇူးခံစားကြရတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်နေပြည်သူများရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူနေမှုအဆင့် အတန်းမြင့်မားရေးအတွက် တစ်ဧကအထွက်နှုန်းတိုးတက်ဖို့အတွက် နိုင်ငံတော်က ကူညီပံ့ပိုးပေးနိုင် တဲ့ အချက်တချို့ကို ဖော်ပြပြီးတော့ အဲဒီထဲကမှ အရေးကြီးတဲ့အချက်တွေကို ကျွန်တော် ဆွေးနွေးသွား မှာဖြစ်ပါတယ်။ အဲဒါတွေကတော့ (၁)လယ်ယာမြေ၊ (၂) မျိုးစပါး၊ (၃) ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေး၊ (၄)စိုက်ပျိုးရေးဝန်ကြီးဌာနအတွင်းမှာ ဌာနအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု၊ (၅) ကုန်ထုတ် လမ်း၊ (၆) တင်းတောင်းနှင့် ရေတို့ပဲဖြစ်ပါတယ်။ လယ်ယာမြေမှာဆို အခု ကျွန်တော်တို့ လယ်သမား တွေ စိုက်ပျိုးနေကြတာက မိမိလယ်မြေရဲ့အကြောင်းကိုလည်း မသိပါဘူး။ လယ်ယာမြေရဲ့ အခြေခံ ညွှန်းကိန်း၊ မြေအမျိုးအစား၊ မြေအရည်အသွေးနဲ့ပတ်သက်ပြီး သိရှိပြီးတော့ စိုက်ပျိုးနေကြရတာ မဟုတ်ပါဘူး။ မိရိုးဖလာစိုက်ပျိုးနေကြရခြင်းဖြစ်ပါတယ်။ မျိုးစပါးအနေနဲ့ ပြောရမယ်ဆိုရင်လည်း မိမိရဲ့မျိုးကို မိမိထား။ မဟုတ်ရင်လည်း တောင်သူအချင်းချင်း လဲလှယ်ပြီးတော့ပဲ ကျွန်တော်တို့က မျိုးတွေကို စိုက်ပျိုးနေကြရတာပါ။ ရောဂါဒဏ်ခံနိုင်တဲ့မျိုး၊ ရောဂါဒဏ်ခံနိုင်ပြီးတော့ အထွက်တိုးစေ မယ့် မျိုးကောင်းမျိုးသန့်တွေ (Foundation Seeds ၊ Register Seeds) ဒါတွေကို ကျွန်တော်တို့က လယ်သမားတွေအနေနဲ့ ရဖို့ဟာ တအားအလှမ်းဝေးပါတယ်။ အဆင်မပြေလှပါဘူး။ ဒါကလည်း နိုင်ငံတော်အနေနဲ့ ဖြန့်ဖြူးပေးနိုင်မှ အဆင်ပြေမယ့်အခြေအနေပါ။ နောက်တစ်ခုကတော့ ဓာတ်မြေသြဇာပါ။ ဓာတ်မြေသြဇာနှင့်ပတ်သက်ပြီးတော့ လယ်သမားတွေသုံးတဲ့ ဓာတ်မြေသြဇာကို မေးကြည့်တဲ့အခါကျတော့ သူတို့က အကြွေးပေးတဲ့ဓာတ်မြေသြဇာနှင့် ကြော်ငြာမှာ အဓိကသုံးနေကြ တဲ့၊ ကြော်ငြာအရထိုးဖောက်နိုင်တဲ့ ဓာတ်မြေသြဇာတွေကို အဓိကသုံးခဲ့ကြရပါတယ်။ ခေတ်အဆက် ဆက် ဓာတ်မြေသြဇာနှင့်ပတ်သက်ပြီးတော့ အရည်အသွေးမပြည့်ဆည်းပေးနိုင်တဲ့အတွက်ကြောင့် တောင်သူလယ်သမားတွေဟာ ငွေကုန်ပြီးတော့ စပါးမထွက်တဲ့အခြေအနေတွေကို ဖြတ်သန်းခဲ့ရတာ တွေက နှစ်ပေါင်းများစွာကြာခဲ့ပါပြီ။ အဲဒီအခါကျတော့ အပင်လိုက်စားသုံးထားတဲ့ NPK အချိုး၊ နောက်တစ်ခုက အခြား အနည်းလို အာဟာရတွေနဲ့အကြောင်းတွေကို တောင်သူလယ်သမားတွေသိဖို့ အရေးကြီးပါတယ်။ အမျိုးအစားမှန်ကန်ပြီးတော့ အချိုးအစားမှန်ကန်တဲ့ဓာတ်မြေသြဇာတွေ ရရှိဖို့

လည်း နိုင်ငံတော်အနေနဲ့ ခာတ်ခွဲခန်းတွေကနေတစ်ဆင့် ကူညီပေးမှသာ လယ်သမားတွေအနေနဲ့ အဆင်ပြေမှာဖြစ်ပါတယ်။

နောက် စိုက်ပျိုးရေးဝန်ကြီးဌာနအတွင်းမှာ ပေါင်းစပ်ညှိနှိုင်းခြင်းဆိုတာကတော့ ကျွန်တော်တို့က စပါးစိုက်ချိန်ရောက်ပြီဆိုရင် စပါးသမားနဲ့ ငါးသမားဟာ ပြဿနာဖြစ်လေ့ရှိပါတယ်။ အဲဒါတွေကို အခုဆိုရင် စိုက်ပျိုးရေးဌာနရယ်၊ ငါးလုပ်ငန်းမွေးမြူရေး၊ ဆည်မြောင်း ဒီဦးစီးဌာနတွေအားလုံးဟာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတစ်ခုတည်းမှာရှိတဲ့အတွက်ကြောင့် ဦးစီးဌာနအချင်းချင်း အရင်ညှိနှိုင်းပေါင်းစပ်ထားမယ်ဆိုရင် ဒီလယ်သမားနှင့် ငါးသမားနဲ့ကြားမှာ ပြဿနာတွေဖြစ်စရာ အကြောင်းမရှိပါဘူး။ ပြဿနာဖြစ်မယ့်အခြေအနေတွေကို ကာကွယ်နိုင်မှာပါ။ နောက်တစ်ခုကတော့ ကုန်ထုတ်လမ်းပါ။ ကျွန်တော်တို့က စပါးအထွက်တိုးဖို့ဆိုရင် သွင်းအားစုတွေသယ်ယူဖို့လိုပါတယ်။ သွင်းအားစုသယ်ဖို့အတွက် လမ်းမရှိခဲ့ရင် ခက်ခက်ခဲခဲသယ်ရတဲ့အတွက်ကြောင့် လယ်သမားတွေ သွင်းအားစုထည့်ဖို့ အဆင်မပြေနိုင်ပါဘူး။ နောက် သွင်းအားစုတွေထည့်လို့ စပါးထွက်လာတဲ့အခါကျ ရင်လည်း ကုန်းတစ်တန်၊ ရေတစ်တန်နဲ့ သယ်ယူဖို့အဆင်မပြေဘူးဆိုရင် လယ်တစ်ဧကအထွက်နှုန်း တက်ပေမယ့် ကျွန်တော်တို့အနေနဲ့ သယ်ယူပို့ဆောင်ရေးစရိတ်မှာ ကြီးမြင့်စေပါတယ်။ နောက်တစ်ခုက တင်းတောင်းကိစ္စပါ။ တင်းတောင်းကိစ္စကလည်း ကျွန်တော်တို့ ကုန်သည်ပွဲစားတွေကို တင်းတောင်းတွေနဲ့ရောင်းတဲ့အခါကျရင်လည်း ကျွန်တော့်မဲဆန္ဒနယ်မှာဆိုရင် ဖြစ်နေတာက တစ်တင်းကို ၁၆ ပြည် မဟုတ်တော့ဘဲနဲ့ တစ်တင်းကို ၁၉ ပြည်ကျော်၊ ပြည် ၂၀ အထိ ဖြစ်နေပါတယ်။ ဒါဟာလည်း ဝန်ကြီးဌာနအနေနဲ့ အစိုးရအနေနဲ့ပဲ ဆောင်ရွက်ပေးမှဖြစ်မှာပါ။

နောက်ဆုံးအခြေအနေနဲ့ ပြောချင်တာကတော့ ကျွန်တော်တို့ လယ်သမားတွေအပေါ်မှာ ကျွန်တော်တို့ရဲ့ လူမှုပတ်ဝန်းကျင်ရဲ့ အမြင်သဘောထားတွေလည်း ပြောင်းလဲဖို့လိုပါတယ်။ ကျွန်တော်တို့ ကျေးလက်မှာရှိတဲ့ လယ်ယာလုပ်ငန်းလုပ်ကိုင်ကြတဲ့ မိသားစုတွေအချင်းချင်းကြားထဲမှာ လယ်ယာလုပ်ငန်းလုပ်မယ့်လူကို ရွေးပြီဆိုတဲ့အခါကျရင် ကျွန်တော်တို့က ပညာအရည်အချင်းနည်းတဲ့ သူကိုပဲ ရွေးကြလေ့ရှိပါတယ်။ အဲဒီအခါကျတော့ မိသားစုအတွင်းမှာကိုပဲတစ်ခါ ခွဲခြားဆက်ဆံတဲ့ပုံစံတွေ ဖြစ်လာတတ်ပါတယ်။ လယ်လုပ်သူတွေကို ပင်ပင်ပန်းပန်းရှာဖွေစားသောက်ရတဲ့သူတွေ၊ ပညာမတတ်တဲ့သူတွေအဖြစ်နဲ့ ဒီမိသားစုအတွင်းမှာပဲ တစ်ခါတလေကျရင် နှိမ့်ချဆက်ဆံတဲ့ပုံစံတွေ ဖြစ်လာတတ်ပါတယ်။ အဲဒီအခါတော့ လယ်လုပ်တဲ့သူကတော့ မိမိကိုယ်ကို နိမ့်ကျတယ်လို့ ခံစားသွားကြတတ်ပါတယ်။ အဲဒီတော့ ဘွဲ့ရတွေဆိုရင်လည်း ကျွန်တော်တို့က အနှိမ်မခံတဲ့စိတ်ကြောင့် လယ်လုပ်ဖို့

**မူကြမ်း**

အတွက်ကို များစွာတွန့်ဆုတ်ကြပါတယ်။ တကယ်တော့ မိမိရဲ့အလုပ်ကို မိမိဂုဏ်ယူတတ်ကြတဲ့ ပတ်ဝန်းကျင်အနေအထားတစ်ခုကို ဝိုင်းဝန်းဖော်ဆောင်ပေးနိုင်ဖို့ အရေးကြီးပါတယ်။ ဒါကြောင့် ပညာတတ်လူငယ်များ စိုက်ပျိုးရေးကဏ္ဍမှာ စိတ်ရောကိုယ်ပါ နှစ်ပြီးတော့ လုပ်ကိုင်ကြခြင်းဖြင့် လယ်တစ်ဧက အထွက်နှုန်းတိုးတက်ရေးအတွက် အခွင့်အရေးပိုမိုရရှိလာမှာဖြစ်တဲ့အတွက်ကြောင့် ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးရဲ့အဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမင်းသိန်း(ရေဦးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ ကျေးလက်နေပြည်သူများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံပြီး အသက်မွေးဝမ်းကျောင်းပြုကြပါတယ်။ ကျေးလက်နေပြည်သူများရဲ့ဘဝကတော့ ပြီးခဲ့တဲ့ခေတ်အဆက်ဆက်မှာ ထူးထူးခြားခြားဖွံ့ဖြိုးတိုးတက်လာတာကို မတွေ့ကြရဘဲ လိုအပ်ချက်များစွာနဲ့ ရင်ဆိုင်လုပ်ကိုင်အသက်မွေးနေကြရဆဲ ဖြစ်ပါတယ်။ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် ကုန်ကျစရိတ်နည်းနည်းနဲ့ မြေဆီလွှာများကို စစ်ဆေးပေးနိုင်သော မြေယာအသုံးချမှုဌာနများကိုလည်း ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးရန် လိုအပ်ပါတယ်။ ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာ၊ မျိုးစပ်ထားသည့် မျိုးစေ့အသစ်များ၊ စက်ကိရိယာပစ္စည်းများနှင့်ပတ်သက်ပြီးလည်း ဗဟုသုတနည်းပါးနေကြသေးတာကို တွေ့ရှိနေပါတယ်။ စိုက်ပျိုးရေး၊ အသိပညာပေးရေးလုပ်ငန်းများကိုလည်း ထဲထဲဝင်ဝင် ထိထိရောက်ရောက် တောင်သူများ စိတ်ဝင်စားစေနိုင်သော အစီအမံများဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနိုင်ဖို့ လိုအပ်ပါတယ်။ စိုက်ပျိုးရေးဝန်ဆောင်မှုများနှင့် ဆည်မြောင်းစနစ်များရဲ့ အရည်အသွေးအားနည်းမှုများကြောင့် စိုက်ပျိုးရေးထုတ်လုပ်မှုကျဆင်းနေခြင်းကိုလည်း အစိုးရက အလေးထားဆောင်ရွက်ပေးနိုင်ဖို့ အထူးလိုအပ်လှပါတယ်။ ကျေးလက်နေပြည်သူအများစုဟာ မိမိလိုအပ်နေတဲ့ လယ်ယာသုံးဆက်စပ်ပစ္စည်းများကို လိုက်လံရှာဖွေဝယ်ယူနေရချိန်မှာ မိမိလယ်ယာထွက်ကုန်ပစ္စည်းများကိုတော့ ပွဲစားကုန်သည်များရဲ့ သတ်မှတ်ထားသော ကာလပေါက်ဈေးဖြင့်သာ

ရောင်းချနေရပါတယ်။ လယ်ယာထွက်ကုန်များကို ရောင်းချရာမှာ အကျိုးအမြတ်ရရှိနိုင်သော ဈေးနှုန်း ဖြစ်စေရေးအတွက် သီးနှံပေါ်ချိန်မှာ တောင်သူအဖွဲ့အစည်းတစ်ခုခုက ကုန်သည်များနှင့်ညှိနှိုင်းကာ ဈေးနှုန်းကို စံနှုန်းသတ်မှတ်ပြီး ဝယ်ယူပေးသင့်ပါတယ်။ သို့မှသာ အာမခံချက်ရှိသော စိုက်ပျိုးရေး လုပ်ငန်းတစ်ခုဖြစ်လာမှာဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော့်မဲဆန္ဒနယ်မှာ တောင်သူအချို့ဟာ အထွက်နှုန်း ကောင်းသော စပ်မျိုးစပါးအသစ်များကို လက်ခံစိုက်ပျိုးလာနေကြပြီဖြစ်ပါတယ်။ သို့သော်လည်း စပ်မျိုးစပါးမျိုးစေ့အသစ်များ ဝယ်ယူရာမှာ လွယ်လွယ်ကူကူဖြင့်ဝယ်ယူမရရှိဘဲ စိုက်ပျိုးရန် အခက်အခဲဖြစ်နေကြပါတယ်။ မျိုးကောင်းမျိုးသန့်၊ ချေးငွေ၊ စိုက်ပျိုးရေ၊ ဓာတ်မြေဩဇာနှင့် နည်းပညာတို့ကို အချိန်မီလုံလောက်စွာ ဖြည့်ဆည်းပေးနိုင်မှသာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာ နိုင်မှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်နေပြည်သူအများစုအတွက် စိုက်ပျိုးရေး လုပ်ငန်းနဲ့ တွဲဖက်လုပ်ငန်းကတော့ မွေးမြူရေးလုပ်ငန်းပဲဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း များ တွဲဖက်လုပ်ကိုင်နိုင်ဖို့ဆိုရင် မွေးမြူရေးမြေနေရာများ၊ စားကျက်မြေနေရာများ သတ်သတ်မှတ်မှတ် ဖြစ်ရေးက အဓိကလိုအပ်ချက်တစ်ခုဖြစ်နေပါတယ်။ မွေးမြူရေးမြေနေရာအဖြစ် အတည်ပြုသတ်မှတ် ပေးနိုင်မှသာလျှင် စိုက်ပျိုးရေး၊ မွေးမြူရေးအစီအမံများ စနစ်တကျရေးဆွဲကာ စိုက်ပျိုးမွေးမြူ ဆောင်ရွက်နိုင်ကြမှာဖြစ်ပါတယ်။ တစ်ပိုင်တစ်နိုင်ကြက်မွေးမြူရေးဇုန်အဖြစ် သတ်မှတ်ထားသော မြေနေရာများကိုလည်း ဇီဝလုံခြုံမှုပြည့်စုံကောင်းမွန်သော အစီအမံများချမှတ်ကာ ပြင်ဆင်ဆောင်ရွက် ပေးသင့်ကြောင်း အကြံပြုတင်ပြလိုပါတယ်။ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားလာပါက လူကိုပါ ကူးစက်နိုင်သောရောဂါဖြစ်တာကြောင့် အထူးဂရုစိုက်ဆောင်ရွက်သင့်ပါတယ်။ တစ်ပိုင်တစ်နိုင်ဖြစ်စေ၊ စီးပွားဖြစ်ဖြစ်စေ မွေးမြူရေးလုပ်ငန်းအားလုံးအတွက် တိရစ္ဆာန်ကျန်းမာရေးနှင့် ဇီဝလုံခြုံရေးက အဓိကဖြစ်ပါတယ်။ ခွာနာ၊ လျှာနာရောဂါ၊ ဝက်နားရွက်ပြာရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါ စသည့် ကူးစက်နိုင်သော ရောဂါများမဖြစ်ပွားစေရေးအတွက် မွေးမြူသူများကို လိုက်နာဆောင်ရွက်ရန်နှင့် လိုအပ်သော ဥပဒေ၊ နည်းဥပဒေများကို အစိုးရကပြဋ္ဌာန်းသတ်မှတ်ပေးရန် လိုအပ်ပါတယ်။ ကျေးလက် နေပြည်သူများမှာ မွေးမြူရေးအကျိုးအမြတ်ရရှိနိုင်မှသာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ရေရှည်လုပ်ကိုင်ဆောင်ရွက်နိုင်ကြမှာဖြစ်ပါတယ်။ မွေးမြူရေးထုတ်ကုန်ဖြစ်သော သိုး၊ ဆိတ်၊ ဝက်၊ နွားတိရစ္ဆာန်များကို ကန့်သတ်ချက်များဖြင့် တိုင်းကြား၊ ပြည်နယ်ကြား သယ်ယူပို့ဆောင်ရောင်းဝယ် နေကြရပါတယ်။ မွေးမြူသူများအနေနဲ့ကတော့ မွေးမြူရေးအကျိုးအမြတ်မဆိုထားနှင့် တန်ရာ

တန်ကြေးကိုတောင် တစ်ခါတစ်ရံမရကြဘူးဖြစ်နေကြပါတယ်။ မွေးမြူရေးထုတ်ကုန် တိရစ္ဆာန်များကို သယ်ယူပို့ဆောင် ရောင်းချရာတွင်လည်း ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံချက်ပါရှိသော တိရစ္ဆာန်များကိုသာ လွတ်လွတ်လပ်လပ် သယ်ယူပို့ဆောင်ရောင်းချခွင့်ပြုရပါ့မယ်။ လွတ်လပ်စွာ ရောင်းဝယ်ခွင့်ရှိသော ဈေးကွက်ဖြစ်ပေါ်လာမှသာ ကျေးလက်နေပြည်သူများ မွေးမြူခြင်းကို စိတ်ဝင်တစားမွေးမြူလာကြမှာ ဖြစ်ပါတယ်။ ကူးစက်ရောဂါကင်းဝေးပြီး ကျန်းမာရေးကောင်းမွန်သော မွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းနိုင်စေရေးအတွက် နယ်စပ်မှဖြတ်ကျော်ဝင်ရောက်နေသော ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံချက်ကင်းမဲ့နေသော တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို လည်း စနစ်တကျတားဆီးပိတ်ပင်အရေးယူနိုင်ဖို့ လိုအပ်ကြောင်း တင်ပြရင်း အဆိုရှင် ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က တင်သွင်းသည့် ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူနေမှု အဆင့်အတန်းမြင့်မားရေးအတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး တစ်ဧကအထွက်နှုန်းမြင့်မားလာ စေရန် စိုက်ပျိုးရေးနှင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်စေမည့်အစီအမံ များအား ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်း ကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မြောင်မဲဆန္ဒနယ်မှ ဦးဌေးငွေ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဌေးငွေ(မြောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးငွေ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့စားနပ်ရိက္ခာဖူလုံရေးဟာ နိုင်ငံတော်ရဲ့လုံခြုံမှု ဖြစ်သလို နိုင်ငံသားတိုင်းရဲ့လုံခြုံမှုလည်း ဖြစ်ပါတယ်။ ယနေ့ နိုင်ငံ့လူဦးရေဟာ တစ်နေ့တခြားတိုး ပွားလာပြီး တိုးပွားလာတဲ့လူဦးရေနှင့်အညီ မြို့/ရွာတွေဆောက်၊ လမ်းတွေဖောက်ခဲ့လို့ စိုက်ပျိုးမြေဟာ တဖြည်းဖြည်းကျဉ်းကျဉ်းလာပါတယ်။ ယခင်ကိုလိုနီခေတ်နှင့် ဖဆပလခေတ်ကဆိုရင် လူတစ်ဦးကို မြေယာပိုင်ဆိုင်မှု တစ်ဧကခွဲရှိရာက ယနေ့ဆိုရင် မြေတစ်ဧကကို လူသုံးဦးသာပိုင်ဆိုင်ပြီး နောင်ဆိုရင် တစ်ဧကကို လူငါးဦးနှုန်းမြေယာပိုင်ဆိုင်မှု ဖြစ်လာမှာပါ။ သဘောကတော့ တစ်ဧကထွက်တဲ့သီးနှံကို လူငါးဦးက မျှတစိုက်ရမယ့်သဘော ဖြစ်နေပါတယ်။ တစ်ဧကစီ တစ်ဧကစီ အထွက်နှုန်းကျတိုင်း ကျတိုင်း လူငါးဦးစီ၊ ငါးဦးစီက ထမင်းငတ်နိုင်ပါတယ်။ ဒါကြောင့် တစ်နေ့တခြားတိုးပွားလာတဲ့

လူဦးရေကို စားနပ်ရိက္ခာဖူလုံဖို့ တဖြည်းဖြည်းကျဉ်းကျဉ်းလာတဲ့ မြေယာကို စီမံခန့်ခွဲရာမှာ တစ်ဧက အထွက်နှုန်းတိုးရေးဟာ အဓိကကျလာပါတယ်။ ကျွန်တော်တို့ ဒီအရေးဟာ တစ်နိုင်ငံလုံးအရေး၊ တစ်ကမ္ဘာလုံးအရေးဖြစ်ပါတယ်။ ဒါဟာ တစ်နိုင်ငံလုံး၊ တစ်ကမ္ဘာလုံးကို စိန်ခေါ်နေပါတယ်။ တစ်ဧက သီးနှံအထွက်တိုးဖို့ဆိုလို့ရှိရင် မိရိုးဖလာ လက်မှုလယ်ယာကနေ ခေတ်မီစက်မှုလယ်ယာအဖြစ်သို့ နည်းပညာပြောင်းလဲဖို့လိုပါတယ်။ နိုင်ငံတော်ကလည်း ကုန်ထုတ်သွင်းအားစုတွေဖြစ်တဲ့ စိုက်ပျိုးစရိတ်ချေးငွေတို့၊ မျိုးကောင်းမျိုးသန့်ဓာတ်မြေဩဇာတို့၊ စက်ကိရိယာတို့ စတဲ့ဟာတွေကို ပံ့ပိုးဖို့လိုပါတယ်။ အရင်လိုပဲ ရာသီဥတုကဖောက်ပြန်၊ သွင်းအားစုကမကျန် နည်းပညာကမမှန်ရင်တော့ ကျေးလက်နေပြည်သူများ စားဝတ်နေရေးအခက်အခဲနှင့် ကြုံတွေ့နိုင်လို့ တစ်ဧကအထွက်နှုန်းတိုးရေးဟာ အစိုးရအနေနဲ့ အစီအမံများ အလျင်အမြန်ချမှတ်သင့်ပါတယ်။ တစ်ဖက်ကလည်း တစ်သီးစားစနစ်ကနေ နှစ်သီးစား၊ သုံးသီးစား၊ သီးထပ်၊ သီးညှပ်စနစ်ပြောင်းဖို့လိုပါတယ်။ သီးထပ်၊ သီးညှပ်စိုက်ရာမှာ စိုက်ပျိုးရေရရှိမှုက အင်မတန်မှအရေးကြီးလို့ မြန်မာပြည်အလယ်ပိုင်းမိုးနည်းရပ်ဝန်းမှာ စိုက်ပျိုးရေ မရလို့ သီးထပ်၊ သီးညှပ်မစိုက်ရတဲ့မြေဟာ တစ်နိုင်ငံလုံးမှာ သန်းချီပြီးတော့ရှိပါတယ်။ ဒါတွေဟာ နိုင်ငံတော်အတွက် အင်မတန်မှနစ်နာလှပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ မြောင်ဆိုရင် ချင်းတွင်းမြစ်နဲ့ ဧရာဝတီမြစ်ကြားမှာရှိပါတယ်။ စိုက်ပျိုးရေမရှိလို့ မရွာတဲ့မိုးကိုပဲမျှော်ကိုးကာ ထီထိုးသလို နှစ်သီးစား စိုက်နေရတဲ့မြေဟာ ဧကသောင်းချီရှိပါတယ်။ မိုးခေါင်လို့ တစ်ဧကအထွက်နှုန်းလည်း ထိုးကျနေပါတယ်။ အခုလိုရက်ပိုင်းမှာ မိုးခေါင်၊ အောက်ပိုင်းမှာရေမြုပ်နေတဲ့အခြေအနေကနေ မြစ်ရေ၊ ချောင်းရေကို စနစ်တကျအသုံးချစီမံခန့်ခွဲဖို့ နိုင်ငံတော်ကလိုအပ်နေပါကြောင်း တင်ပြအပ်ပါတယ်။ ဒ့ါအပြင် တစ်ဖက်ကသီးနှံအထွက်တိုးဖို့လုပ်သလို တစ်ဖက်ကလည်း ထွက်သမျှသီးနှံတွေကို ဈေးကွက်ထဲကို ကုန်ချောအဖြစ်ရောက်အောင် အထူးလိုအပ်ပါတယ်။ ဒါမှလည်း လယ်ယာကဏ္ဍမှ ထပ်ဆင့်တိုးတန်ဖိုးတွေ ရလာမှာဖြစ်ပါတယ်။ ဥပမာပြရရင် ဖရဲသီးကုန်ကြမ်းကို မြန်မာက တရုတ်ကို ပို့တယ်။ တရုတ်က သူ့နိုင်ငံမှာ ကုန်ချောလုပ်ပြီးတော့ ပြည်ပကိုပြန်ပို့တဲ့အခါမှာ မြန်မာက တစ်ကျပ်ရရင် တရုတ်က သီးနှံမစိုက်ဘဲ ထပ်ဆင့်တိုးတန်ဖိုး ငါးကျပ်ထိရနိုင်တဲ့သဘော တရားပါပဲ။ ဒါကြောင့်မို့ ပြည်တွင်းမှာပဲ ကုန်ကြမ်းမှ ကုန်ချောအထိ ထုတ်လုပ်နိုင်အောင် ကြိုးစားသင့်ပါပြီ။ ဒ့ါအပြင် စိုက်ပျိုးရေးနဲ့တွဲဖက်ပြီး တစ်ပိုင်တစ်နိုင်မွေးမြူရေးကိုလည်း လယ်သမားများ တွဲစပ်ကာလုပ်နိုင်ရင် နိုင်ငံအတွက်ပိုပြီး အကျိုးရှိမှာဖြစ်ပါတယ်။ ဝင်ငွေတိုးပြီးတော့ စားဝတ်နေရေးဖူလုံမှာ ဖြစ်ပါတယ်။ ဒါပေမဲ့ လည်း ကျွန်တော်တို့ စီးပွားရေးတက္ကသိုလ်ကျောင်းသားတုန်းက ကျမ်းပြုစာတမ်းရေးဖို့ လယ်သမား

တွေ့ထံ ကျွန်တော်တို့ ဒီကိစ္စကွင်းဆင်းလေ့လာတဲ့အခါမှာ လယ်သမား အများစုဟာ ဝက်တို့၊ ကြက်တို့၊ ဘဲတို့မွေးရမှာကို အကုသိုလ်အလုပ်ဆိုပြီးတော့ တွန့်ဆုတ်နေတာ တွေ့ရပါတယ်။ ဒါကြောင့် မွေးမြူရေး ကဏ္ဍကို စိုက်ပျိုးရေးနဲ့ သီးသန့်ခွဲပြီးတော့ လုပ်သင့်ပါကြောင်းနှင့် မွေးမြူရေးကဏ္ဍကိုလည်း တိုးတက်အောင် နိုင်ငံတော်မှ အလေးထားဆောင်ရွက်သင့်ပါကြောင်း၊ အကြံပြုရင်း ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးရဲ့အဆိုကို လေးနက်စွာထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆိပ်ဖြူမဲဆန္ဒနယ်က ဦးအောင်သိုက် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်သိုက်(ဆိပ်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိုက် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး၏အဆိုကို အကြံပြု ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ လူဦးရေ ၅၁ သန်းကျော်ရှိပြီး ၇၀ ရာခိုင်နှုန်း မှာ ကျေးလက်နေပြည်သူများဖြစ်ပါတယ်။ ၎င်းကျေးလက်နေပြည်သူအများစုမှာ ဆင်းရဲကြပါတယ်။ အချို့ဆိုလျှင် ဆင်းရဲမှန်းတောင်မသိအောင် ဆင်းရဲနေကြပါတယ်။ ကျေးလက်နေပြည်သူများ အလုပ် အကိုင်အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်မှုအတွက် မြစိမ်းရောင်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ၂၀၁၄ ခုနှစ်ကနေပြီး ယနေ့ထိ ရွာတစ်ရွာကို ကျပ်သိန်း ၃၀၀ နှုန်းဖြင့် စီးပွားရေးလုပ်ဖို့အတွက် လုပ်ငန်းလည်ပတ်နိုင်အောင် အပိုင်သဘောမျိုးပေးထားတာကို တွေ့ရှိရပါ တယ်။ ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်ခြင်း၊ သိသိသာသာမဖြစ်သေးသော်လည်း သိန်း ၃၀၀ ရရှိသော ကျေးရွာများမှာ အနည်းငယ်သာ ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်သည်ကို တွေ့နေရပါတယ်။ ဒီစနစ်ကို တစ်နိုင်ငံလုံးရှိ ကျေးရွာများကို တစ်ရွာပြီးတစ်ရွာစီမံကိန်းချမှတ်ပြီး တိုး၍တိုး၍ပေးသွားနိုင်မယ်ဆိုရင် ဆင်းရဲမွဲတေမှုကို လျှော့ချနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်နေပြည်သူအများစုဟာ ရှေးယခင်ကတည်းက စိုက်ပျိုးရေး၊ မွေးမြူရေးကို အဓိကထားပြီးတော့ လုပ်ကိုင်ခဲ့ကြပါတယ်။ ယခုအခါမှာ စိုက်ပျိုးရေးကဏ္ဍမှာ

ရာသီဥတုက ဖောက်ပြန်ကျသဖြင့် များစွာဆုံးရှုံးခဲ့ရပြီး မျိုးပြန်ရအောင်ပင် အမြဲစိုက်ပျိုးနေကြရပါတယ်။ ကျွန်တော်တို့ အညာဒေသသည် ထန်းပင်များပေါများပြီး ထန်းပင်မှရရှိသော လူ့အသုံးအဆောင်များ၊ စားသောက်စရာများ လွန်စွာမှပေါပါတယ်။ ထန်းပင်မှရသောပရိဘောဂများကို နိုင်ငံခြားသို့ ပို့နိုင်သောအဆင့်ဖြစ်အောင် ထန်းရည်မှရသောမုန့်မျိုးစုံတို့ကို ခေတ်မီနည်းစနစ်များဖြင့် ထုတ်ပိုးပြီး နိုင်ငံတကာသို့ Export လုပ်နိုင်အောင် နည်းပညာများကို အစိုးရမှ တောင်သူလယ်သမားများကိုပံ့ပိုးနိုင်ရန် အလွန်အရေးကြီးပါတယ်။ အိမ်နီးနားချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနှင့် အိန္ဒိယနိုင်ငံတို့မှာ ထန်းလျှက်များကို ပုံစံအမျိုးမျိုးပြုလုပ်ပြီး ထန်းတင်မကပါဘူး။ တခြားသူတို့ပစ္စည်းတွေအားလုံး စားစရာသောက်စရာပစ္စည်းတွေကို Online မှတစ်ဆင့် နိုင်ငံတကာကို ရောင်းချနေတာကို တွေ့ရှိနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မွေးမြူရေးကဏ္ဍတွင်လည်း စီးပွားဖြစ်မွေးမြူရေး၊ တစ်နိုင်တစ်ပိုင်မွေးမြူရေး အစရှိတဲ့ကဏ္ဍများတွင် နိုင်ငံတော်မှ ကူညီထောက်ပံ့မှုနည်းပါးနေသေးတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ အညာဒေသသည် ဆိတ်မွေးမြူရေးကဏ္ဍတွင် လွန်စွာအားကောင်းသော်လည်း ပြန်လည်ရောင်းချရာတွင် ဈေးကောင်းမရကြပါ။ နယ်စပ်ဒေသမှာ ဆိတ်ဈေးသည် အင်မတန်မှ ကောင်းပြီး တရားဝင်ကုန်သွယ်ရောင်းချခွင့်ရရှိပါက တိရစ္ဆာန်မွေးမြူသူများအနေဖြင့် အခုထက်ပို၍ အဆင်ပြေလာမှာ ဖြစ်ပါတယ်။ ၁၂-၈-၂၀၁၆ ရက်နေ့က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Economic and Commercial Counsellor အဖွဲ့တို့က နေပြည်တော်မှာ ကျွန်တော်တို့ ကျွဲ၊ နွားနှင့် အသားတင်ပို့မှု နယ်စပ်ဒေသကြီး ရောဂါစစ်ဆေးရေးဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ရေးနှင့် ခေတ်မီဓာတ်ခွဲခန်းတစ်ခု တည်ဆောက်ရေး ကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်းကို The Voice သတင်းစာမှာ တွေ့ရှိရပါတယ်။ ကျေးလက်နေတိရစ္ဆာန်မွေးမြူရေး မွေးမြူသူများဟာ တရားဝင်ရောင်းချရတော့မှာမို့ အားတက်စရာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးကဏ္ဍဖြစ်တဲ့ စပါးစိုက်ပျိုးသည့်အခါ ကျွန်တော်တို့ အညာဒေသမှာ တစ်ဧကကို စပါးတင်း ၉၀ ထက်ပိုမထွက်ပါဘူး။ အိမ်နီးနားချင်းနိုင်ငံများဖြစ်တဲ့ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှာ ကမ္ဘာပေါ်မှာ ဆန်စပါးထုတ်လုပ်တင်ပို့မှု အများဆုံးနိုင်ငံဖြစ်တဲ့အတွက် ကျွန်တော်တို့က ၎င်းနိုင်ငံများကို အတုယူရမှာဖြစ်ပါတယ်။ လျှပ်စစ်မြစ်ရေတင်စီမံကိန်းအနီးရှိတဲ့ ကျေးရွာများသာ ဆန်ရေစပါးများ ကောင်းစွာစိုက်ပျိုးနိုင်ပြီး ကျန်ဒေသများမှာ မိုးကိုသာမျှော်၍

စိုက်ပျိုးနေရပြီး မိုးခေါင်လျှင်ဒုက္ခရောက်ရသည့်မှာ အကြိမ်ကြိမ်အခါခါဖြစ်နေပြီ ဖြစ်ပါတယ်။ မနေ့တစ်နေ့က ကျွန်တော့်မဲဆန္ဒနယ်မှ တောင်သူဦးကြီးတစ်ယောက်က သူတို့ဒေသမှာ ရေကန်တွေ ပြည့်ပြီး မိုးရေရတဲ့အကြောင်း အားရဝမ်းသာသတင်းပို့လာပါတယ်။ တောင်သူကြီးများ ပြောဆိုမှုကို နားထောင်ခြင်းအားဖြင့် မိုးရေသည်တောင်သူများအတွက် အလွန်အရေးကြီးသော စိုက်ပျိုးရေဖြစ်သည်ကို တွေ့ရှိရပါတယ်။ ဒါကြောင့် မိုးရေကို စနစ်တကျသိုလှောင်နိုင်ရေးအတွက် လိုအပ်သောနေရာများမှာ ဆည်တည်ဆောက်ရန် လိုအပ်ကြောင်း အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် အကြံပြုရလျှင် နိုင်ငံ၏ဆင်းရဲမှုလျှော့ကျစေရန် နိုင်ငံသားအများစုနေထိုင်ကြသော ကျေးလက်ဒေသရှိ ပြည်သူများ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ယခုထက်ပိုမို၍ နည်းပညာ၊ အသိပညာအရင်းအမြစ်များ ပိုမိုဖြစ်ထွန်းလာစေရေး ကူညီထောက်ပံ့ပေးရန် လိုအပ်လျက်ရှိပါကြောင်းနှင့် ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး၏ အဆိုကို လေးလေးနက်နက်ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြတ်လေးဦး(ထီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ထီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လေးဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံလူဦးရေရဲ့ ၇၃ ရာခိုင်နှုန်းကျော် ၃၆ သန်းကျော်သော ပြည်သူလူထုများဟာ ကျေးလက်ဒေသတွေမှာ နေထိုင်ကြပြီးတော့ လယ်ယာလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းတို့ဖြင့် အသက်မွေးဝမ်းကျောင်း နေထိုင်ကြတာ အားလုံးအသိပဲဖြစ်ပါတယ်။ ဒါတင်မက တိုင်းပြည်ရဲ့ အဓိကစားနပ်ရိက္ခာဖြစ်တဲ့ ဆန်စပါးနှင့် ဆီ၊ အခြားသီးနှံများကိုလည်း လူထုကပဲ ဖြည့်တင်းပေးတာ ဖြစ်ပါတယ်။ ဒါ့အပြင် တိုင်းပြည်ရဲ့ စီးပွားရေးကဏ္ဍကိုလည်း အဓိကဦးဆောင်ပြီးတော့မှ ပေးနေတဲ့ ကဏ္ဍကြီးတစ်ခုလည်းဖြစ်ပါတယ်။ ဒီလောက်အရေးကြီးတဲ့ လူ့အဖွဲ့အစည်းတစ်ခုလုံးကို နိုင်ငံတော်အနေနဲ့ အပြည့်အဝပံ့ပိုးပေးဖို့ဟာ အင်မတန်မှ လိုအပ်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆမိပါတယ်။ ယခုအချိန်မှာ လိုအပ်ချက်အမျိုးမျိုး

တွေကြောင့် တောင်သူတွေဟာ မိမိလုပ်ငန်းအပေါ်မှာ ယုံကြည်မှုနည်းပါးလာပြီးတော့မှ လယ်ယာလုပ်ငန်းကိုစွန့်လွှတ်ကာ အခြားလုပ်ငန်းတွေကို ရွှေ့ပြောင်းလုပ်ကိုင်နေကြတာကို တွေ့ရှိရပါတယ်။ ယခုအချိန်မှာဆိုလို့ရှိရင် တိုင်းပြည်ရဲ့တိုးတက်လာသော လူဦးရေနှင့်အလိုက် လိုအပ်သော စားနပ်ရိက္ခာဟာလည်း မြင့်တက်လာနေတာကို တွေ့ရှိနေရပါတယ်။ အဲဒါနှင့်အတူပဲ ကျွန်တော်တို့နိုင်ငံရဲ့လယ်ယာကဏ္ဍ အဓိကသယံဇာတဖြစ်တဲ့ လယ်ယာမြေတွေဟာ တစ်စတစ်စနဲ့ ဆုတ်ယုတ်လာတာတွေကိုလည်း ကျွန်တော်တို့အနေနဲ့ တွေ့မြင်နေရတာဖြစ်ပါတယ်။

ဒါ့အပြင် ကျွန်တော်တို့နိုင်ငံရဲ့စီးပွားရေးအနေနဲ့ကြည့်မယ်ဆိုရင် နိုင်ငံစီးပွားရေးရဲ့ ၄၂ ရာခိုင်နှုန်းဟာ လယ်ယာထွက်ကုန်အပေါ်မှာ အခြေပြုနေတာကိုတွေ့ရတဲ့အတွက် လယ်ယာဖွံ့ဖြိုးတိုးတက်ရေးဟာ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနဲ့ အဓိကတိုက်ရိုက်ဆက်စပ်နေတယ်ဆိုတာကို မြင်နေရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေဖို့၊ တိုင်းပြည်ရဲ့စားနပ်ရိက္ခာလုံလောက်စေဖို့အတွက်၊ ကျေးလက်နေပြည်သူများရဲ့ဘဝ မြင့်မားစေဖို့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ အကောင်းဆုံးအစီအမံများချမှတ်ပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အခြေခံလူ့အဖွဲ့အစည်းကြီးတစ်ခုဖြစ်တဲ့ ဒီတောင်သူလယ်သမားတွေကို ယခင်အစိုးရလက်ထက်အဆက်ဆက်မှာ တာဝန်ကျစပါးပေးသွင်းရခြင်းမှအစ လယ်ယာမြေသိမ်းနှံရတဲ့အထိ အခြေခံနေရတာကိုလည်း အားလုံးအသိပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအစိုးရလက်ထက်မှာ အကောင်းဆုံးပြုပြင်ပြောင်းလဲမှုတွေလုပ်ပြီးတော့မှ လယ်ယာကဏ္ဍကို အထောက်အပံ့များပေးသင့်ပါကြောင်း တင်ပြအပ်ပါတယ်။ ယခုအချိန်အထိ နိုင်ငံတော်အနေနဲ့ စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးတာကလွဲရင် ထိရောက်တဲ့ကူညီပံ့ပိုးမှုတွေ မဆောင်ရွက်နိုင်သေးတာကိုတွေ့မြင်ရပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေဆိုတာမှာလည်း လုံလောက်တဲ့ချေးငွေမဟုတ်ဘဲ တောင်သူများအနေနဲ့ စိုက်ပျိုးစရိတ်ချေးငွေအတွက် အရပ်ထဲမှာ အနည်းဆုံး ငါးကျပ်၊ အများဆုံး ၁၅ ကျပ် အတိုးကိုပေးပြီးတော့မှ ချေးနေရဆဲပဲဖြစ်ပါတယ်။ ဒါဟာလည်း တောင်သူလယ်သမားတွေရဲ့ အဓိကပြဿနာတစ်ခုပဲဖြစ်ပါတယ်။

ဒါ့အပြင် စိုက်ပျိုးရေကို လိုအပ်တဲ့အချိန်မှာ လုံလောက်စွာရရှိရေးဟာလည်း အလွန်မှအရေးကြီးလှပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ လယ်ဧကပေါင်း ၁၆ သန်းကျော်ရှိတဲ့အနက်က ၁၂ ရာခိုင်နှုန်းသာ ရေလုံလောက်စွာပေးနိုင်ပြီးတော့မှ နွေစပါးကို ၂၀ ရာခိုင်နှုန်းသာ စိုက်ပျိုးနိုင်ပါတယ်။ ကျန်တဲ့ ၈၀ ရာခိုင်နှုန်းကတော့ မိုးစပါးသာ စိုက်ပျိုးနိုင်ကြောင်းကို ကျွန်တော်တို့ စစ်တမ်းများအရ သိရှိနေရပါတယ်။ ထိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံမှာဆိုလို့ရှိရင် ရှိတဲ့လယ်ဧက ၇၀ ရာခိုင်နှုန်းအထိ

ရေလုံလောက်စွာပေးနိုင်ပြီးတော့မှ သီးနှံများအောင်မြင်ဖြစ်ထွန်းနေတာကို ကျွန်တော်တို့သိရှိနေရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံမှာလည်းပဲ လိုအပ်တဲ့နေရာတွေမှာ သဘာဝဝန်းကျင်ကို မထိခိုက်စေဘဲနဲ့ ဆည်ငယ်၊ ကန်ငယ်များကို တည်ဆောက်ပေးသင့်ပါကြောင်း ကျွန်တော့်အနေနဲ့ အကြံပြုဆွေးနွေးလိုပါတယ်။ အဲဒီလို ဆည်ငယ်၊ ကန်ငယ်များ တည်ဆောက်ပေးခြင်းအားဖြင့် စိုက်ပျိုးရေးကဏ္ဍနှင့်ပူးပေါင်းပြီးတော့မှ မွေးမြူရေးကဏ္ဍများကိုလည်းပဲ ပူးပေါင်းဆောင်ရွက်နိုင်မှာဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ တောင်သူလယ်သမားတွေရဲ့ ၇၀ ရာခိုင်နှုန်းဟာ မူလတန်းပညာသာ သင်ကြားခဲ့ရကြောင်း ၃၀ ရာခိုင်နှုန်းမှသာလျှင် အလယ်တန်းပညာ၊ အထက်တန်းပညာများသင်ကြားခဲ့ရကြောင်းကို ကျွန်တော်တို့စစ်တမ်းများအရ သိရှိရပါတယ်။ အဲဒါဟာဆိုလို့ရှိရင် တခြားနည်းပညာအထောက်အကူပစ္စည်းတွေ ဓာတ်မြေသြဇာအသုံးပြုတဲ့နေရာတွေမှာ နည်းလမ်းစနစ်ကျနမှု မရှိတာတွေဟာ ဒါတွေဟာအခြေခံပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ဆန်စပါးအထွက်နှုန်းဟာ အရှေ့တောင်အာရှမှာ အထွက်နှုန်းလျော့နည်းနေတာကိုလည်း စစ်တမ်းများအရ သိရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ တစ်ဧကပျမ်းမျှအထွက်နှုန်းဟာ ၂၃ ကီလိုသာထွက်ရှိပြီး ထိုင်းနှင့် ကမ္ဘောဒီးယားမှာဆိုလို့ရှိရင် ၂၀၀ ကျော်ထိထွက်ရှိနေတာကို ကျွန်တော်တို့တွေ့ရှိနေရပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်အနေနဲ့ နည်းပညာအထောက်အကူတွေ၊ ပစ္စည်းအထောက်အကူတွေ ပေးဖို့ဟာ အင်မတန်မှ အရေးကြီးကြောင်း ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။ နောက်ဆုံးအနေနဲ့ တင်ပြလိုတာကတော့ သီးနှံဈေးနှုန်းမှန်မှန်ကန်ကန်ရရှိရေးပဲဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်တယ်လို့ဆိုသော်ငြားလည်း မပီပြင်သေးတဲ့အချိန်မှာ တောင်သူတွေဟာ ကုန်သည်ပွဲစားတွေရဲ့ ညှိနှိုင်းစီးပွားရေးဈေးကွက်နှင့် ကြုံပြီးတော့မှ ဈေးအဆမတန်နှိမ်ဝယ်တာတွေကို ကျွန်တော့်တို့အနေနဲ့ တွေ့ရှိနေရတာဖြစ်သလို ဈေးကွက်အာမခံချက်မရှိတာကိုလည်းပဲ ကျွန်တော်တို့အနေနဲ့ တွေ့ရှိနေရပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်အနေနဲ့ သီးနှံများကို အာမခံချက်ပေးသင့်ပါကြောင်း အကြံပြုဆွေးနွေးလိုပါတယ်။

နိဂုံးချုပ်တင်ပြချင်တာကတော့ ကျွန်တော်တို့နိုင်ငံရဲ့ လယ်ယာကဏ္ဍကိုတိုးတက်ဖို့ဆိုရင် (၁) တောင်သူတွေရဲ့ ထာဝရသယံဇာတဖြစ်တဲ့ မြေယာတွေပြန်လည်ရရှိရေး၊ (၂) စိုက်ပျိုးစရိတ်ချေးငွေရရှိရေး၊ (၃) စိုက်ပျိုးရေရရှိရေး၊ (၄) မျိုးကောင်းမျိုးသန့်ရရှိရေး၊ (၅) စိုက်ပျိုးသီးနှံများအတွက် ဈေးကွက်ရရှိရေး၊ ဈေးနှုန်းမှန်ကန်ရေး၊ (၆) နည်းပညာနှင့်အထောက်အကူပစ္စည်းများရရှိရေး၊ (၇)

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို လယ်ယာကဏ္ဍမှာတိုးမြှင့်ရေး အစရှိတဲ့တိုးမြှင့်မှုလုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေနဲ့ ပံ့ပိုးဆောင်ရွက်ပေးမှသာလျှင် ကျွန်တော်တို့နိုင်ငံရဲ့ လယ်ယာကဏ္ဍဟာ တိုးတက်လာမှာဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ နိုင်ငံတော်မှ လိုအပ်တဲ့အစီအမံများကို ဆောင်ရွက်မှုပြုနိုင်ပါရန် ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးတင်သွင်းတဲ့အဆိုကို လေးလေးနက်နက်ထောက်ခံကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မတ္တရာမဲဆန္ဒနယ်မှ ဦးဇော်မင်းလွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဇော်မင်းလွင်(မတ္တရာမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က တော့ မတ္တရာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းလွင်ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ဝေါမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးတင်သွင်းသောအဆိုကို ဖြည့်စွက် ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးကို ဦးစားပေးလုပ်ဆောင်ခြင်းဟာ နိုင်ငံတော်တိုးတက်အောင် လုပ်ဆောင်ခြင်းပဲဖြစ်ပါတယ်။ ကျေးလက်နေပြည်သူများရဲ့ ၇၀ ရာခိုင်နှုန်းဟာ တောင်သူလယ်သမားများဖြစ်ပါတယ်။ တောင်သူလယ်သမားအများစုဟာ ဆင်းရဲနွမ်းပါးလျက်ရှိပါတယ်။ တောင်သူလယ်သမားများဆင်းရဲနွမ်းပါးရခြင်းရဲ့ အဓိကအချက်ဟာ လယ်မဲ့ယာမဲ့များ များပြားခြင်း၊ ဝင်ငွေနည်းပါးခြင်း၊ ပညာဗဟုသုတခေါင်းပါးခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုမရှိခြင်း၊ အခြေခံအဆောက်အဦနှင့် ထောက်ပံ့မှုနည်းပါးခြင်းတို့ကြောင့် ဆင်းရဲနွမ်းပါးနေရခြင်းဖြစ်ပါတယ်။ World Bank Economic and Sector Work အစီရင်ခံစာ စာရင်းအရ မြန်မာနိုင်ငံမှာ ကျေးလက်အိမ်ထောင်စု ၆၀ ရာခိုင်နှုန်းကျော်ဟာ မြေမဲ့ယာမဲ့များဖြစ်နေတာကို တွေ့ရပါတယ်။ ၅ ဧကအောက်ပိုင်ဆိုင်သူ ၇၅ ရာခိုင်နှုန်းရှိနေပါတယ်။ ၂.၅ ဧကအောက်ပိုင်ဆိုင်သူကတော့ ၄၂.၇၅ ရာခိုင်နှုန်းရှိနေတယ်လို့ သိရှိရပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ မြေမဲ့ယာမဲ့ဖြစ်နေသော အမှန်တကယ်လုပ်ကိုင်မယ့် တောင်သူများကို မြေယာများဖန်တီးပေးဖို့ လိုအပ်ပါတယ်။ အဓိကဦးစားပေးအနေနဲ့ မြေယာသိမ်းဆည်းခြင်းခံရသော မြေမဲ့ယာမဲ့တောင်သူများကို မြေသိမ်းဥပဒေနှင့် ညီညွတ်ခြင်းမရှိခဲ့တဲ့

သိမ်းဆည်းမှုတွေအပေါ်မှာ ပြန်လည်ပြီးတော့ မြေယာရရှိဖို့အတွက်၊ ပေးအပ်ဖို့အတွက် မူတစ်ရပ်အနေနဲ့ ချမှတ်ဆောင်ရွက်ပေးသင့်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းလုပ်ပိုင်ခွင့် လျှောက်ထားတဲ့နေရာမှာလည်း လုပ်ငန်းရှင်ကြီးများအတွက် လုပ်ပိုင်ခွင့်လျှောက်ထားရာမှာ လွယ်ကူခြင်းတွေဖြစ်ပြီးတော့ ဒေသခံတောင်သူလယ်သမားများအတွက် လုပ်ပိုင်ခွင့်လျှောက်ထားရာမှာ ခက်ခဲမှုတွေတွေ့ခဲ့ရပါတယ်။ လုပ်ပိုင်ခွင့်ရရှိပြီး စီမံကိန်းအကောင်အထည်ဖော်ဆောင်ခြင်းမရှိတဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေကို ဥပဒေနှင့်အညီ ပြန်လည်စစ်ဆေးပြီး မြေမဲ့ယာမဲ့တွေကို ပြန်လည်ချထားပေးသင့်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြေယာမဲ့တောင်သူများကို မြေယာဖန်တီးပေးဆောင်ဖို့လိုအပ်သလို လယ်ယာစိုက်ပျိုးရေးတိုးတက်ရေးနှင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးအတွက် နိုင်ငံတော်အနေဖြင့် နည်းပညာနှင့်အသိပညာများ ပံ့ပိုးပေးခြင်း၊ လွတ်လပ်စွာစိုက်ပျိုးထုတ်လုပ် ရောင်းချခွင့်ပြုပေးခြင်း၊ စိုက်ပျိုးစရိတ်ကို လုံလောက်စွာ အချိန်မီထုတ်ပေးခြင်း၊ သင့်တင့်သော သီးနှံဈေးနှုန်းရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ဒေသနှင့်သင့်လျော်ကိုက်ညီသော လယ်ယာမြေ တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးခြင်း၊ တာဝန်ယူအာမခံ မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များကို ပွားများထုတ်ပေးခြင်း၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် သွင်းအားစုအားလုံးကို ဈေးနှုန်းသက်သာချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးခြင်း၊ ရေစီမံခန့်ခွဲမှုကို အကျိုးရှိရှိ စနစ်တကျအချိန်ကိုက် စီမံဆောင်ရွက်ပေးခြင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းကို သိပ္ပံနည်းကျ စနစ်တကျမွေးမြူနိုင်အောင် ပညာပေးလေ့ကျင့်ပေးခြင်း၊ ကျေးရွာတိုင်းအား ဆေးပေးခန်းများဖွင့်လှစ်ပေးခြင်း၊ သက်ကြီးအလွတ်သင်ပညာရေးအစီအမံများ ဖွင့်လှစ်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်း၊ ကျေးရွာတိုင်းအား နေစွမ်းအင်၊ လေစွမ်းအင်၊ ဇီဝစွမ်းအင်၊ ဒီဇယ်၊ ဓာတ်ဆီတစ်ခုခုကိုအခြေခံပြီး စွမ်းအင်ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ ကျေးရွာချင်းဆက်လမ်းများအား ကောင်းမွန်အောင်စီမံပေးခြင်းလုပ်ငန်းများကို လုပ်ဆောင်ပေးဖို့လိုအပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ဖြည့်စွက်အကြံပြုဆွေးနွေးလိုတာကတော့ စိုက်ပျိုးရေးလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ပေးဖို့လိုအပ်သလို မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်လိုစိတ်မရှိသော တောင်သူများအတွက်လည်း စဉ်းစားပေးဖို့လိုအပ်ပါတယ်။ စိုက်ပျိုးရေးနှင့်တွဲဖက်၍ ဒေသနှင့်ကိုက်ညီသော အသေးစားစက်မှုလုပ်ငန်းများထူထောင်ပေးခြင်း၊ ဒေသထွက်ကုန်များကို ကုန်ချော

အဖြစ် ဖန်တီးနိုင်အောင် အသိပညာ၊ အတတ်ပညာများ၊ အရင်းအနှီးများကို ကူညီပံ့ပိုးပေးခြင်းများကိုလည်း နိုင်ငံတော်အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးဖို့လိုအပ်ပါတယ်ဆိုတာကို ဖြည့်စွက်ပြီး တင်ပြအပ်ပါတယ်။ ဒါကြောင့် ကျွန်တော့်ရဲ့ ဖြည့်စွက်အဆိုနှင့်အတူ အဆိုရှင် ဦးတင်ထွေးရဲ့အဆိုအား ထောက်ခံတင်ပြအပ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းထွန်း(ပွင့်ဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ဦးစွာ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးထွန်းထွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်က ၁၁-၈-၂၀၁၆ ရက်နေ့တွင် ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး တစ်ဧကအထွက်နှုန်းမြင့်မားလာစေရန် စိုက်ပျိုးရေးနှင့် တစ်နိုင် တစ်ပိုင်မွေးမြူရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်စေမည့်အစီအမံများအား ဦးစားပေး အကောင် အထည်ဖော်ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုကို အကြံပြု ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေတောင်သူလယ်သမားများဖြစ်ကြ ပါတယ်။ ကျေးလက်နေတောင်သူလယ်သမားအများစုမှာ ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက် ဆင်းရဲမွဲတေမှုဒဏ်ကို အလူးအလှိမ့်ခါးစည်းခံခဲ့ရပါတယ်။ တောင်သူလယ်သမားများ၏ ဘဝ ဆင်းရဲ နေသရွေ့ တိုင်းပြည်လည်းဆင်းရဲတဲ့ တိုင်းပြည်တစ်ပြည်အဖြစ် ပါဝင်နေမှာဖြစ်ပါတယ်။ တောင်သူ ပျော်မှ တိုင်းပြည်ပျော်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တောင်သူလယ်သမားတို့၏ အကျိုးစီးပွားများကို ထိရောက်စွာမြှင့်တင်ပေးဖို့ လိုအပ်ပါတယ်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ ၂၃ ပုဒ်မခွဲ(က)တွင် နိုင်ငံတော်သည် တောင်သူလယ်သမားများ၏အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်ဟုလည်းကောင်း၊ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်၌ တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွား

မြှင့်တင်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးလည်းဖြစ်ပါတယ်။ တောင်သူလယ်သမားတို့၏အကျိုးစီးပွားများကို မြှင့်တင်ဖော်ဆောင်ပေးနိုင်ရေးသည် နိုင်ငံစီးပွားဖွံ့ဖြိုးရေးအတွက် အရေးပါသည့် လက်ငင်း လိုအပ်ချက်ဖြစ်သည်ဟု ဒုတိယသမ္မတကြီးမှလည်း ၅-၈-၂၀၁၆ ရက်နေ့ ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြောကြားခဲ့ပြီးပါပြီ။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်သူလယ်သမားတို့၏ အကျိုးစီးပွားကို မြှင့်တင်မယ်၊ ဆင်းရဲနွမ်းပါးမှုကိုလျှော့ချမယ်ဆိုလျှင် အရင်းအနှီးသွင်းအားစု၊ နည်းပညာစသည်တို့ကို နိုင်ငံတော်မှမဖြစ်မနေပံ့ပိုးပေးရန်လိုအပ်ပါတယ်။ ယနေ့အချိန်တွင် တောင်သူ လယ်သမားများအတွက် နိုင်ငံတော်မှထောက်ပံ့မှုများမှာ အင်မတန်မှနည်းပါးနေပါတယ်။ တောင်သူ လယ်သမားများအတွက် အရင်းအနှီးသည် အင်မတန်အရေးကြီးပါတယ်။ ယခုထုတ်ချေးနေသော ကာလတိုချေးငွေထက် ကာလလတ်၊ ကာလရှည်ချေးငွေများချေးပေးနိုင်ပါက ပို၍အဆင်ပြေမည်ဖြစ် ပါသည်။ နိုင်ငံတော်မှ လယ်တစ်ဧကလျှင် ၁၅၀၀၀၀ ကျပ်၊ ယာတစ်ဧကလျှင် ၂၀၀၀၀ ကျပ် ထုတ်ချေး ပေးသော်လည်း တောင်သူလယ်သမားများအတွက် စတင်ပြင်ဆင်သည့်အချိန်မှစ၍ ဈေးကွက်သို့ တင်ပို့ရောင်းချသည့်အချိန်ထိ ကုန်ကျစရိတ်များလုံလောက်မှုမရှိသေးပါ။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ အခန်း(၂) ပုဒ်မ(၃) ပုဒ်မခွဲ(က)တွင် အရင်းအနှီးရရှိရေးအတွက် တောင်သူလယ်သမားများဟာ သင့်တင့်သောချေးငွေဖြင့် အကူအညီများ ပေး၍ အထောက်အကူပြုရန်လို့ပါရှိပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သွင်းအားစုဟာလည်း တောင်သူလယ်သမားအတွက် အရေးကြီးတဲ့အခန်းကဏ္ဍတစ်ရပ်ဖြစ်ပါတယ်။ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများကို စံချိန်စံညွှန်းနှင့် ကိုက်ညီပြီးဈေးနှုန်းချိုသာစွာ တောင်သူလယ်သမားများလက်ဝယ် အမှန်တကယ်ရောက်ရှိရန် လိုအပ် ပါတယ်။ ပြည်တွင်းဖြစ်ဓာတ်မြေဩဇာများကို ဟိုယခင်ကဲ့သို့ လုံလုံလောက်လောက်ထုတ်လုပ်ပြီး တောင်သူလယ်သမားတို့၏လက်ဝယ်သို့ ဈေးနှုန်းချိုသာစွာ လွတ်လွတ်လပ်လပ်ဝယ်ယူခွင့်ရရှိရန် လိုအပ်ပါသည်။ သို့သော်လည်း ပြည်တွင်းမှာထုတ်လုပ်သော ဓာတ်မြေဩဇာများကို တောင်သူများ လွတ်လပ်စွာဝယ်ယူခွင့်မရှိဘဲ တစ်ဦးတည်းသောကိုယ်စားလှယ်များကသာ ဝယ်ယူရရှိနေပါတယ်။ ယနေ့ အချိန်အခါမှာ စီးပွားရေးအဆင်မပြေ၍ နယ်တကာထွက်၍ အလုပ်လုပ်နေကြသဖြင့် လယ်ယာ လုပ်သားအင်အားရှားပါးမှုပြဿနာများလည်း ရင်ဆိုင်နေရပါတယ်။ ထိုအခက်အခဲများကို ဖြေရှင်း နိုင်ရန် တောင်သူလယ်သမားများ လိုအပ်သော လယ်ထွန်စက်၊ ကောက်ရိတ်စက်၊ စပါးခြွေစက်စသည့်

လယ်ယာသုံးစက်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် အရစ်ကျဝယ်ယူရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသင့်ပါတယ်။ ၎င်း စက်ကိရိယာများသည် အမှန်တကယ် လယ်သမားများအတွက် အသုံးဝင်သော်လည်း ဈေးနှုန်း အဆမတန် ကြီးမြင့်နေသည့်အတွက် ဝယ်ယူသုံးစွဲနိုင်ခြင်း မရှိကြသေးပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ နည်းပညာဘက်ပိုင်းမှာလည်း အင်မတန်မှ အားနည်းလျက်ရှိပါတယ်။ အသိပညာနည်းပါးခြင်း၊ ဗဟုသုတနည်းပါခြင်းများကြောင့် မိရိုးဖလာ လုပ်ရိုးလုပ်စဉ်လုပ်ငန်းများ နှင့်သာ စိုက်ပျိုးလျက်ရှိပါသည်။ ခေတ်နှင့်ဒေသနှင့် ရာသီဥတုနှင့်ကိုက်ညီသော အထွက်တိုး မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးခြင်း၊ စနစ်တကျ ရေသွင်းရေထုတ်လွယ်ကူပြီး ဧကကွက်များ ချဲ့ထွင် ပြုပြင်ခြင်းများ ပြုလုပ်နိုင်ရန် အသိပညာပေးဟောပြောပွဲများ၊ သင်တန်းများ၊ ရုပ်သံလိုင်းများမှ ထုတ်လွှင့်ခြင်း အထူးသဖြင့် မြို့နယ်ကျေးလက်ရှိ စိုက်ပျိုးရေးမန်နေဂျာများသည် လယ်ကွင်းများ၊ ယာကွင်းများသို့ ဆင်း၍လိုအပ်သော နည်းပညာများ၊ အသိပညာများ ရှင်းလင်းပြောကြားရန် လိုအပ် ပါတယ်။ အဲဒီလိုမဆောင်ရွက်ဘဲ ကောင်းပေသီးပေဆိုသော လယ်ကွင်းများတွင် ဆိုင်းဘုတ်များထောင်၊ စံကွက်များရိတ်ပြီး အထွက်တိုးနှုန်းများ ကောင်းသည်ဆိုပြီးတော့ အထက်သို့ တင်ပြနေကြပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့် ပြောရလျှင် တောင်သူလယ်သမားများ ကိုယ်စားပြုသောအဖွဲ့အစည်းများ လွတ်လပ်စွာဖွဲ့စည်းခွင့်ပြုခြင်း၊ သင့်တင့်မျှတသော ဈေးနှုန်းနှင့် ဈေးကွက်များဖန်တီးခြင်း၊ သဘာဝဘေးအန္တရာယ်တစ်စုံတစ်ရာကြောင့် ပျက်စီးဆုံးရှုံးမှုများ ထိခိုက် နစ်နာမှုများကို အလျင်အမြန် ကူညီထောက်ပံ့ခြင်း၊ ကျေးလက်နှင့် မြို့ပြဆက်သွယ်သော လမ်းများအား ကောင်းမွန်အောင်ဖန်တီးဆောင်ရွက်ပေးနိုင်မှ ကျေးလက်နေတောင်သူလယ်သမားများ၏ အကျိုး စီးပွားကို မြှင့်တင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်မှ တောင်သူလယ်သမားများရဲ့ လိုအပ် ချက်များကို အလျင်အမြန်အထောက်အပံ့ပေးပါရန် အကြံပြုရင်း ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး၏ အဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇင်မျိုးလတ် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးဇင်မျိုးလတ်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီး နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ ဧည့်သည်

တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇင်မျိုးလတ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝေါမဲဆန္ဒနယ်က ဦးတင်ထွေး တင်သွင်းသွားတဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။

ကျွန်တော်တို့နိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံဖြစ်ပြီး နိုင်ငံမှာရှိတဲ့ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းနီးပါးဟာ ကျေးလက်နေပြည်သူများဖြစ်ကြပါတယ်။ ကျေးလက်နေပြည်သူအများစုဟာ လယ်ယာမြေလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုနေကြသူများ ဖြစ်ကြပြီးတော့ ဆန်၊ စပါးဟာ နိုင်ငံရဲ့အဓိကကျတဲ့ စိုက်ပျိုးရေးလုပ်ငန်းတစ်ခုပဲ ဖြစ်ပါတယ်။ နိုင်ငံရဲ့အဓိကပို့ကုန်တိုးတက်ရေးနဲ့ တောင်သူလယ်သမားတွေရဲ့ လူနေမှုဘဝမြင့်မားရေးအတွက် စပါးတစ်ဧက အထွက်နှုန်း တိုးတက်ရေးဟာ လွန်စွာအရေးကြီးပါတယ်။ စပါးတစ်ဧက အထွက်တိုးဖို့အတွက် အရည်အသွေးနဲ့ အထွက်တိုးနှုန်းကောင်းတဲ့ မျိုးတွေဖြစ်ဖို့လိုပါတယ်။ အဲဒီအတွက် နိုင်ငံတကာအဆင့်မီ အသိအမှတ်ပြု စပါးမျိုးကောင်းမျိုးသန့် အထွက်တိုးမျိုးစပါးများကို တောင်သူလယ်သမားများထံ သင့်လျော်တဲ့ ဈေးနှုန်းနဲ့ လုံလောက်စွာ ဖန်တီးပေးနိုင်ဖို့လိုပါတယ်။ ဈေးကွက်မှာရှင်သန်နိုင်မယ့် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်တဲ့ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးစိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် မျိုးစေ့ထုတ်ကုမ္ပဏီများ (Seed Industry) များ ပေါ်ထွန်းလာရေး အားပေးကူညီဆောင်ရွက်ရန် လိုအပ်သကဲ့သို့ မျိုးစေ့များလုံလုံလောက်လောက်ရရှိနိုင်ဖို့အတွက် ဝန်ကြီးဌာနမှ Seed Flow မှန်ကန်စေရေးအတွက် မျိုးစေ့ထုတ်စီမံချက်တွေနဲ့ ကြိုတင်ပြင်ဆင်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးမှုများရှိခဲ့ပါကလည်း ချက်ချင်းဖြန့်ဖြူးပေးနိုင်ရေးအတွက် ကြိုတင်စီမံထားဖို့ လိုပါတယ်။

တောင်သူလယ်သမားများလက်ဝယ်ကို ဈေးနှုန်းချိုသာစွာနဲ့ တိုက်ရိုက်ရောက်ရှိစိုက်ပျိုးနိုင်မည့် စီးပွားဖြစ်မျိုးသန့်မျိုးစေ့ (Certified Seed) ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းအစီအစဉ်များကို နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ခရိုင်မြို့နယ်အဆင့် စီမံချက်တွေရေးဆွဲပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ဖို့ လိုပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းများဟာ ဈေးနှုန်းတည်ငြိမ်ပြီး ခိုင်မာတဲ့ ပြည်တွင်းပြည်ပဈေးကွက်ရှိမှသာ အကျိုးဖြစ်ထွန်းမှာ ဖြစ်ပါတယ်။ လိုအပ်ပါက တန်ဖိုးမြှင့်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးကိုပါ နိုင်ငံတော်အစိုးရအနေနဲ့ စီမံဆောင်ရွက်ပေးသင့်ပါတယ်။ ရံဖန်ရံခါရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ ပိုးဖြတ်ခြင်းစတဲ့ သဘာဝဘေးဒဏ်ခံရလို့ရှိရင် နစ်နာဆုံးရှုံးပြီး မူလ

အရင်းအနှီးနှင့် စိုက်ပျိုးစရိတ်ချေးငွေတွေ ပြန်လည်ပေးဆပ်နိုင်အောင် နှစ်နှစ်သုံးနှစ်ပြန်လည် ရင်းနှီးပြီးတော့ဆောင်ရွက်နေရကြောင်း သိရှိရပါတယ်။ သဘာဝဘေးအန္တရာယ်ခံရသော တောင်သူလယ်သမားများအတွက်လည်း အရင်းအနှီးမတည်ငွေများထောက်ပံ့မှုကို အထူးကိစ္စတစ်ရပ်အနေနဲ့ အချိန်အခါရာသီအမီ အလုံအလောက်ပြန်လည်ထုတ်ပေးဖို့ လိုပါတယ်။ နိုင်ငံတော်အနေနဲ့ တတ်စွမ်းသလောက် စိုက်ပျိုးရေးစရိတ်များကို တစ်နှစ်ထက်တစ်နှစ်တိုး၍ ထုတ်ချေးပေးခြင်း၊ အတိုးနှုန်းသက်သာစွာနဲ့ ဆောင်ရွက်ပေးခြင်း၊ ပြန်လည်ပေးဆပ်ချိန်ကာလ တိုးပေးခြင်းတို့ကိုလည်း တောင်သူလယ်သမားများ အကျိုးအတွက် အဆင်ပြေအောင် ဆောင်ရွက်ပေးသင့်ပါတယ်။ ယခင်အစိုးရလက်ထပ်က ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိစေရေး၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ကျေးလက်နေပြည်သူများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးမြင့်မားလာစေဖို့ မြို့ပြကျေးလက်ကွာဟချက်များ ကျဉ်းမြောင်းလာစေဖို့အတွက် ကျေးရွာအုပ်စုများအတွင်း ကျေးရွာအုပ်စုတစ်အုပ်စုကို ကျပ်သန်း ၃၀ နှုန်းနဲ့ ထောက်ပံ့ပေးမယ့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းတွေဆောင်ရွက်ခဲ့တာကိုလည်း တွေ့ရှိရပါတယ်။

မွေးမြူရေးလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုနေတဲ့ ကျေးလက်နေပြည်သူများအတွက် တစ်ပိုင်တစ်နိုင်မှသည် တစ်ရွာထုတ်ကုန်တစ်မျိုးအဆင့်ထိ ထုတ်လုပ်သွားနိုင်မယ့် မြစိမ်းရောင်အသားကဏ္ဍမွေးမြူရေးကျေးရွာများကို မွေးမြူရေးလုပ်ငန်းမှ မိသာစုဝင်ငွေတိုးတက်ရရှိရေးဖို့လည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သင့်ပါတယ်။ ထိုသို့ ဆောင်ရွက်နိုင်မှုကြောင့် ကျေးလက်နေပြည်သူများအတွက် အကြွေးဝန်ထုပ်ဝန်ပိုး လျော့ကျစေခြင်း၊ အိမ်ထောင်စုဝင်ငွေ တိုးပွားခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိလာနိုင်မှာဖြစ်သလို မွေးမြူရေးလုပ်ငန်း ပိုမိုလုပ်ကိုင်လာခြင်းအဖြစ်လည်း အသားကဏ္ဍဖွံ့ဖြိုးတိုးတက်လာခြင်း၊ ဘဏ္ဍာငွေအရင်းအမြစ် စဉ်ဆက်မပြတ်ရရှိပြီး ကျေးလက်ရန်ပုံငွေထူထောင်ခြင်းတို့ဆောင်ရွက်လာနိုင်မှာဖြစ်ပါတယ်။ သို့ရာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်လိုတဲ့ ကျေးရွာတိုင်းကို ရန်ပုံငွေထုတ်မပေးနိုင်ခြင်း၊ မွေးမြူထားတဲ့တိရစ္ဆာန်သေဆုံးမှုအတွက် ဖြေရှင်းရန်နည်းလမ်းအားနည်းနေခြင်း၊ မွေးမြူရေးဘဏ်စနစ် ကျယ်ပြန့်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ မွေးမြူရေးအရင်းအမြစ် လက်ဆင့်ကမ်းဖြန့်ဖြူးနိုင်မှု၊ မွေးဘက်ပေးမွေးမြူရေးစနစ်၊ ဆင်းမက်မွေးမြူရေးစနစ်များ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်မှုမရှိသေးတဲ့အတွက်လည်း အောင်မြင်မှုနည်းပါးနေသေးသဖြင့် နိုင်ငံတော်အစိုးရနှင့် သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ထိရောက်စွာ ထောက်ပံ့ကူညီပေးရန် လိုအပ်နေသေးကြောင်းလည်း လေ့လာသိရှိရပါတယ်။

**မူကြမ်း**

အိမ်နီးချင်းနိုင်ငံအချို့မှာ မိသားစုတစ်နိုင်တစ်ပိုင်ဖြစ်တဲ့ ပေါင်းစည်းလယ်ယာစနစ်အောင်မြင်နေမှုကို နိုင်ငံအတွင်း ဒေသနှင့်ကိုက်ညီတဲ့နေရာများမှာ စနစ်တကျ စီမံဆောင်ရွက်သင့်ပါတယ်။

အဓိကကျတဲ့ အရင်းအနှီးနဲ့ထွက်ရှိတဲ့ ကုန်ပစ္စည်းတွေအတွက် ခိုင်မာတဲ့ဈေးကွက်ရရှိရေးကို နိုင်ငံတော်က စီမံဆောင်ရွက်ပေးသင့်ပါတယ်။ တောင်သူလယ်သမားများရဲ့ လူနေမှုဘဝမြင့်မားရေး အတွက် နိုင်ငံတော်အစိုးရတစ်ခုတည်းနဲ့ ဆောင်ရွက်၍မရနိုင်သဖြင့် တောင်သူလယ်သမားများရဲ့ အကျိုးစီးပွားများကို ရှေးရှုသော ကိုယ်ကျိုးစီးပွားများကို ရှေ့တန်းမတင်တဲ့ ပြည်တွင်းကုမ္ပဏီများက စိတ်ကောင်းစေတနာကောင်းနဲ့ ရိုင်းပင်းကူညီပေးဖို့ လိုပါတယ်။ ဒါ့အပြင် တောင်သူလယ်သမားများကို စိုက်ပျိုးမွေးမြူရေးအသိသာမက အခြားအသိပညာဗဟုသုတများ ကြွယ်ဝရေးအတွက် အသိပညာပေး စည်းရုံးသွားဖို့လိုပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေထုတ်ချိန်၊ စပါးပေါ်ချိန်၊ ဝင်ငွေကောင်းချိန်တွေမှာ လောင်းကစားမပြုလုပ်ရေး၊ အပျော်အပါးလျှော့ချရေး၊ ဒုစရိုက်မှုများကင်းစင်ပပျောက်ရေးနဲ့ တရား ဥပဒေစိုးမိုးရေးတို့အတွက်လည်း အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူများက ဝိုင်းဝန်းထိန်းသိမ်းကာကွယ် တားဆီးပေးဖို့လိုပါတယ်။ သို့ဖြစ်ပါ၍ တောင်သူလယ်သမားများ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်၊ မိသားစုဝင်ငွေတိုးစေရန်နှင့် စိုက်ပျိုးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်အနေဖြင့် စိုက်ပျိုးစရိတ်ကို လုံလောက်စွာထုတ်ပေးနိုင်ရေးသာမက နည်းပညာပံ့ပိုးရေး၊ ဈေးနှုန်းချိုသာပြီး မှန်ကန်မှုရှိတဲ့ သွင်းအားစုများ အသုံးပြုခွင့်ရရှိရေး၊ ဒေသရေမြေရာသီဥတုနှင့်ကိုက်ညီတဲ့ သီးနှံပုံစံများ ချမှတ်ပေးရေး၊ လယ်ယာလုပ်ငန်းသုံး စက်ကိရိယာများကို တောင်သူတိုင်း လက်လှမ်းမီသုံးစွဲနိုင်ရေး စနစ်တကျ လယ်ယာမြေဖော်ထုတ်ပေးရေး၊ ထွက်ကုန်များကို စားသုံးသူဈေးကွက်အရောက် တိုက်ရိုက် တင်ပို့ရောင်းချနိုင်ရေး၊ ထွက်ကုန်သီးနှံဈေးကွက်ခိုင်မာရေးပါ လယ်ယာကဏ္ဍကို မွေးမြူရေးလုပ်ငန်းနဲ့ တွဲဖက်လုပ်ကိုင်ဆောင်ရွက်နိုင်ရေး၊ တောင်သူလယ်သမားများ ဗဟုသုတပြည့်စုံစေရေးနဲ့ တရား ဥပဒေစိုးမိုးရေးတို့အတွက် ဆထက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးတင်သွင်းတဲ့ အဆိုကို ထောက်ခံအကြံပြုဆွေးနွေးတင်ပြရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးဦးထွန်းမောင်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ

အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးထွန်းမောင် ဖြစ်ပါတယ်။ ကျွန်တော်ဆွေးနွေးမှာက ဝေါမဲဆန္ဒနယ်က ဦးတင်ထွေးရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်နေလယ်သမားများ ဆင်းရဲမှုလျှော့ချရေးအတွက် စပါးတစ်ဧကအထွက်နှုန်းမြင့်မားလာအောင် ထိထိရောက်ရောက် ကူညီပေးဖို့ လိုအပ်နေပါတယ်။ လယ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအတိုင်း တိတိကျကျ စီမံပေးဖို့လိုအပ်နေပါတယ်။ ဈေးကွက်နှင့်ကိုက်ညီတဲ့ သီးနှံတွေထဲက လယ်သမားတွေ ကြိုက်တဲ့သီးနှံတွေကို လွတ်လပ်စွာစိုက်ပျိုးနိုင်အောင် ကူညီဆောင်ရွက်ပေးရပါမယ်။ ဈေးကွက်အနှိမ်မခံရအောင်နှင့် ဈေးကွက်အာမခံချက်ရရှိအောင်လည်း ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ စိုက်ပျိုးစရိတ်ချေးငွေတွေ အချိန်မီထုတ်ပေးနိုင်ဖို့ အရေးကြီးပါတယ်။ အားနည်းချက်တွေကို ပြတ်ပြတ်သားသားပြုပြင်ပေးနိုင်ရပါမယ်။ စပါးစိုက်တဲ့ဧကအတိုင်း ချေးငွေတွေ ထုတ်ပေးနိုင်ဖို့လိုအပ်ပါတယ်။ တချို့လယ်ယာမြေတွေ ကားလမ်းဘေးမှာဆိုရင် တစ်ဧကတန်ဖိုးဟာ သိန်း ၂၀ လောက်ရှိပါတယ်။ နည်းဥပဒေမှာပါတဲ့ လယ်မြေက ၅ သိန်း၊ ၁၀ သိန်းလောက် ဘာကြောင့်မချေးပေးနိုင်ကြတာလဲ။ ဒါလည်းစဉ်းစားရမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးထွက်ကုန်တွေ သယ်ယူဖို့ လမ်းတံတားတွေ၊ စပါးနှင့် သီးနှံမျိုးစုံစိုက်ပျိုးဖို့ ရေမြောင်းတွေ၊ ရေတံခါးတွေ အဆင်ပြေအောင် လက်တွေ့လုပ်ပေးဖို့ လိုအပ်ပါတယ်။ ဓာတ်မြေဩဇာအတုနှင့် အစစ် ခွဲခြားပေးဖို့လည်း လိုအပ်ပါတယ်။ အတုထုတ်တဲ့ ကုမ္ပဏီတွေကို ထိထိရောက်ရောက်အရေးယူရပါလိမ့်မယ်။ မြေဆီလွှာနှင့် မြေဩဇာကိုက်ညီမှုရှိအောင် စစ်ဆေးဖို့ စိုက်ပျိုးရေးဌာနက စခန်းတွေကို ကျေးရွာအုပ်စုတိုင်းမှာ အမှန်တကယ်ထားပေးရပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်သမားတွေ ဆင်းရဲတွင်းက လွတ်မြောက်ဖို့ စိုက်ပျိုးရေးနှင့်တွဲဖက်ပြီး တစ်ပိုင်တစ်နိုင် ငါး၊ ကြက်၊ ဘဲ၊ ဆိတ်၊ နွားမွေးမြူရေးလုပ်ငန်းတွေကို လုပ်ကိုင်နိုင်ဖို့အတွက် ငါးမျိုးစုံသားဖောက်စခန်းများ၊ ကြက်ဥဖောက်စက်များ နည်းလမ်းမျိုးစုံကြံဆပြီး တစ်ဦးချင်းဝင်ငွေတိုးအောင် လုပ်ဆောင်ပေးဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံမှာ လယ်ယာကဏ္ဍနှင့် မွေးမြူရေးကဏ္ဍ ရင်းနှီးမြှုပ်နှံတဲ့ ဘတ်ဂျက်တွေ အလွန်နည်းတဲ့အတွက် လယ်သမားတွေကို အပြည့်အဝမကူညီနိုင်ဘူးလို့ သိရပါတယ်။ ထိုင်း၊ ဗီယက်နမ်၊ မလေးရှားက လယ်သမားတွေဟာ ဈေးကွက်အနှိမ်မခံရတဲ့အတွက် စပါးတင်း ၁၀၀ ကို သူတို့ဆီမှာ ၁၀ သိန်း၊ ၁၂ သိန်း ရှိပါတယ်။ ကျွန်တော်တို့ဆီမှာ ၅ သိန်းပဲ ရှိပါတယ်။ ကုန်ဈေးနှုန်းတက်မှာစိုးရိမ်ပြီး ပြည်တွင်းကပိတ်ထားတာတွေမလုပ်မိဖို့ လိုအပ်ပါတယ်။ ပြည်ပက

ဝယ်နိုင်အောင်လည်း လမ်းဖွင့်ထားရပါမယ်။ နောက်ပြီး တစ်နိုင်ငံလုံးက သိမ်းထားတဲ့လယ်ယာမြေတွေ၊ စားကျက်မြေတွေကို ကုန်ထုတ်လုပ်မှုကျဆင်းတဲ့အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများက အမြန်ဆုံးစွန့်လွှတ်ပြီး မူလပိုင်ရှင် လယ်သမားများလက်ထဲကို စနစ်တကျရောက်ရှိအောင် ဆောင်ရွက်ပေးဖို့ ဝန်မလေးကြပါနဲ့လို့ အကြံပြုချင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးလက်နေလယ်သမားများ ဆင်းရဲမှုလျှော့ချရေးအတွက် မြစိမ်းရောင်စီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်နေတာ သုံးနှစ်ရှိနေပါပြီ။ မြစိမ်းရောင်စီမံကိန်းဆိုတာ ကိုရီးယားနဲ့ ထိုင်းနိုင်ငံတို့မှာ ဆင်းရဲတဲ့ကျေးရွာတွေကို ချမ်းသာလာတဲ့ စံပြကျေးရွာတွေဖြစ်လာအောင်ပြုလုပ်လို့ အောင်မြင်တဲ့အတွက် စံနမူနာယူပြီး မြန်မာနိုင်ငံမှာ ပြုလုပ်တာဖြစ်ပါတယ်။ ဒီစီမံကိန်းက ကျေးရွာတစ်ရွာကို သိန်း ၃၀၀ စီ အရင်းမပျောက် ချေးငွေမတည်ပေးတာဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ရွာပေါင်း ၁၅၀၀၊ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ရွာပေါင်း ၃၀၀၀၊ ၂၀၁၆-၂၀၁၇ ခုနှစ်မှာ ရွာပေါင်း ၂၀၀၀ လျာထားဖြည့်ပြီးပြီလို့ သိရပါတယ်။ တစ်နိုင်ငံလုံးကျေးရွာပေါင်း ၆၄၀၀၀ ကျော် ရှိပါတယ်။ ရည်ရွယ်ချက်ကောင်းပါတယ်။ ကျွန်တော်တို့ပုဏ္ဏားကျွန်းမြို့နယ်မှာ ရွာပေါင်း ၁၉၃ ရွာ ရှိပါတယ်။ မြစိမ်းရောင်စီမံကိန်း ရွာ ၂၀ လျာထားပါတယ်။ တစ်နိုင်ငံလုံးကျေးရွာတိုင်း မြစိမ်းရောင်ချေးငွေကို မျှော်လင့်နေကြပါတယ်။ ဘာကြောင့်လဲဆိုတော့ အပြင်မှာ လယ်သမားတွေဟာ ငွေ ၁၀၀ ကို တစ်လ ခုနစ်ကျပ်၊ ရှစ်ကျပ်၊ ၁၀ ကျပ် အတိုးပေးနေရတဲ့အခြေအနေတွေက တစ်ကျပ်အတိုးနဲ့ မြစိမ်းရောင်စီမံကိန်းက ရတဲ့အတွက်ဖြစ်ပါတယ်။ ကောင်းမွန်တဲ့ရည်ရွယ်ချက်တွေနဲ့ ရေးဆွဲထားပေမယ့် ဒီစီမံကိန်းကို အောင်မြင်အောင်ကူညီရင်း အကောင်အထည်ဖော်ပေးမယ့် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေ မိမိတို့မြို့နယ်မှာ ဘယ်နှစ်ရွာရှိတယ်ဆိုတာတောင် မသိရသေးတဲ့ အနေအထားမျိုးတွေ တွေ့နေရပါတယ်။ ကျေးရွာတွေမှာ အားနည်းချက်တွေ အများကြီးရှိနေပါတယ်။ တစ်နိုင်ငံလုံး ကျေးရွာ ၆၀၀၀၀ ကျော်ကို ချေးပေးဖို့ ဖြစ်နိုင်ပါ့မလား၊ ဒီစီမံကိန်းအောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့ ပြန်လည်သုံးသပ်သင့်ပါကြောင်း အကြံပြုဆွေးနွေးရင်း ဝေါမဲဆန္ဒနယ်က ဦးတင်ထွေးရဲ့အဆိုကို လေးလေးနက်နက်ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးမြင့်သိန်း(ဝက်လက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဝက်လက်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်း ဖြစ်ပါတယ်။ ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးရဲ့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်အဆိုကို ကျွန်တော်ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများနှင့် ၃၀ ရာခိုင်နှုန်းသော မြို့ပြနေပြည်သူများရဲ့ သာမန်နေထိုင်မှုဘဝဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံ၊ လျှပ်စစ်၊ ဆက်သွယ်ရေးနှင့် ယေဘုယျနေထိုင်မှုအဆင့်အတန်းများဟာ ရရှိမှုအခြေအနေများ ကွာခြားမှုဟာ သိသာထင်ရှားလှပါတယ်။ ၂၆ ရာခိုင်နှုန်းဟာ ဆင်းရဲနွမ်းပါးဆဲဖြစ်ပြီးတော့ လူဦးရေရဲ့ ၇၅ ရာခိုင်နှုန်းမှာ လျှပ်စစ်မီးမရရှိကြောင်း၊ လူအများစုရဲ့ တစ်ဦးချင်းတစ်နှစ်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၈၀၀ မှ ၁၀၀၀ ကြားတွင်သာရှိပြီး အာဆီယံနိုင်ငံများထဲမှာ အနိမ့်ဆုံးဖြစ်ကြောင်း ကမ္ဘာ့ဘဏ်ရဲ့ အချက်အလက်များအရ ကျွန်တော်တို့ သိရှိရပါတယ်။ စိုက်ပျိုးမြေဧက ၁၂ သန်းကျော်ရှိပြီးတဲ့အခါမှာ အဓိကဆန်စပါးကို စိုက်ပျိုးသော်လည်းပဲ ယခုအခါမှာ မြို့ပြများချဲ့ထွင်ခြင်း၊ စိုက်ပျိုးမြေဧရိယာများ လျော့နည်းလာပါတယ်။ စိုက်ပျိုးထုတ်လုပ်မှုခေတ်မမီခြင်း၊ မိရိုးဖလာနည်းဖြင့် စိုက်ပျိုးနည်းများကို လုပ်ကိုင်လာကြသဖြင့် တစ်ဧကအထွက်နှုန်းထုတ်ကုန်တန်ဖိုးဟာ ၄၅၁ ဒေါ်လာရှိကာ အာဆီယံနိုင်ငံများထဲမှာ အနည်းဆုံးဖြစ်နေပါတယ်။ လယ်ယာလုပ်ငန်းလုပ်ကိုင်သူများနှင့် လယ်ယာလုပ်သားများဟာ လယ်ယာလုပ်ငန်းများကိုစွန့်ခွာပြီးတော့မှ ဝင်ငွေပိုပြီးတော့ရတဲ့ အခြားလုပ်ငန်းခွင်များ၊ ပြည်ပနိုင်ငံများသို့ ထွက်ခွာခြင်း ပိုမိုများပြားလာတဲ့အတွက် လုပ်အားခများဈေးတက်ခြင်း၊ ထွက်ကုန်များလျော့နည်းခြင်း၊ လယ်ယာမြေပိုင်ဆိုင်မှုများ လျော့နည်းခြင်း၊ လယ်ယာမြေများကို တန်ဖိုးသင့်မြေယာများအဖြစ် ပြောင်းလဲလိုက်ခြင်းဟာ မျက်မှောက်ကာလစိုက်ပျိုးရေးလုပ်ငန်းအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာကဏ္ဍ အဓိကဖွံ့ဖြိုးတိုးတက်ဖို့ရန်အတွက် အချက်ငါးချက်ပဲရှိပါတယ်။ (၁) စိုက်ပျိုးစရိတ်ချေးငွေကို တိုးပြီးတော့ ချေးပေးဖို့ရာ၊ (၂) မျိုးကောင်းမျိုးသန့်တွေကို လုံလုံလောက်လောက်ထုတ်ပေးဖို့ရန်၊ (၃) အာမခံချက်ရှိတဲ့ ဓာတ်မြေဩဇာများကို စနစ်တကျစိစစ်ပြီးတော့မှ အကြွေးစနစ်ဖြင့် ရောင်းချပေးရန်၊ (၄) အာမခံချက်ရှိသော ဈေးကွက်ရရှိအောင် တာဝန်ယူဖြေရှင်းပေးရန်၊ (၅) စိုက်ပျိုးစရိတ်နည်းပညာများကို ပံ့ပိုးပေးရန်တို့ဖြစ်ပါတယ်။ ကျေးရွာတိုင်းမှာ

ကျေးရွာတစ်ရွာမှာရှိတဲ့ တောင်သူလယ်သမားအများစု ၈၀ ရာခိုင်နှုန်းဟာ ကိုယ်ပိုင်အရင်းအနှီးနဲ့ မလုပ်နိုင်ကြဘဲ အကြွေးသံသရာထဲမှာ နှစ်စဉ်လည်ပတ်ပြီးတော့ လှုပ်ရှားလုပ်ကိုင်နေကြရပါတယ်။ တစ်ဧကရဲ့ရင်းနှီးငွေဟာ နှစ်သိန်းကျော် ကုန်ကျပြီးတော့ ထွက်လာတဲ့ စပါးကို ရောင်းပြီးတဲ့အခါမှာ တစ်နှစ်တစ်ဧကရဲ့အမြတ်ငွေဟာ တစ်သိန်းခွဲပဲရှိပါတယ်။ နှစ်သီးလုပ်ရမှ တစ်ဧကကို သုံးသိန်း ရပါတယ်။ ပျမ်းမျှ ငါးဧကသာပိုင်ဆိုင်တဲ့ တောင်သူလယ်သမားတစ်ယောက်ဟာ တစ်နှစ်မှ ၁၅ သိန်းနဲ့ မိသားစုခြိုးခြံချွေတာပြီးတော့ စားသောက်ရပါတယ်။ အဲဒီအချိန်မှာ ရာသီဥတုဖောက်ပြန်တာလည်း ကောင်း၊ နှစ်သီးမလုပ်ရဘဲနဲ့ တစ်သီးတည်းလုပ်ခဲ့ရစဉ်သော်လည်းကောင်း၊ ပိုးမွှားရောဂါများ သီးနှံပေါ်ကျရောက်လာပါက အထွက်နှုန်းများလျော့နည်းလာပါတယ်။ အဲဒါကြောင့်မို့ ပြည်သူတွေမှာ၊ တောင်သူလယ်သမားတွေမှာ စားဝတ်နေရေးအဆင်မပြေဘူး။ စားဝတ်နေရေး အဆင်မပြေတော့ လယ်ရောင်းတယ်။ လယ်ရောင်းတော့ နောက်ဆုံးမှာ လယ်မဲ့ယာမဲ့ဖြစ်တယ်။ လယ်မဲ့ယာမဲ့ဘဝကနေ ပြီးတော့ နောက်ဆုံးမှာ လယ်ကူလီဘဝကို ရောက်ကြရပါတယ်။ ဒါကြောင့် (၁)အချက်အနေနဲ့ စိုက်ပျိုး စရိတ်ချေးငွေကို နိုင်ငံတော်ကနေပြီးတော့ လုံလုံလောက်လောက်ချေးပေးဖို့ရယ်၊ နောက်တစ်ခါ လေဘေး၊ ရေဘေးဒဏ်ခံရသည့် လယ်သမားများအတွက် သီးနှံအာမခံကြေးရရှိအောင် သဘာဝ ဘေးဒဏ်သီးနှံအာမခံတဲ့စနစ်ကို လုပ်ပေးသင့်ပါတယ်။ (၂)အချက်အနေနဲ့ လယ်သမားတွေဟာ လယ်သမားတွေရဲ့ စီးပွားရေးတွက်ခြေကိုက်ဖို့ရန်အတွက် နိုင်ငံတော်ကနေပြီးတော့ ဆန်စပါးမူဝါဒကို တိတိကျကျခိုင်ခိုင်မာမာ ရေးဆွဲပြီးတော့မှ မျိုးကောင်းမျိုးသန့်တွေ ထုတ်လုပ်မယ့် စိုက်ကွင်းတွေ၊ သုတေသနစိုက်ကွက်တွေကို ကုမ္ပဏီများကနေပြီးတော့ လယ်သမားများထံ လက်ငင်းစနစ် ဒါမှ မဟုတ်ရင် သီးနှံပေါ်ပေးစနစ်နဲ့ ဖြန့်ဖြူးပေးသင့်ပါတယ်။ ဥပမာအနေနဲ့ပြောရမယ်ဆိုရင် ထိုင်းနိုင်ငံ နှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှာ နှစ်စဉ်လယ်သမားများထံ စပါးမျိုးများကို တာဝန်ယူဖြန့်ဝေပေးပါတယ်။ (၃)အချက်အနေနဲ့ မြန်မာနိုင်ငံဟာ Organic စိုက်ပျိုးရေးစနစ်ကို မကျင့်သုံးနိုင်သေးတဲ့အတွက် Inorganic ပစ္စည်းအမျိုးမျိုးဖြစ်တဲ့ ဓာတ်မြေသြဇာများကို နိုင်ငံတော်ကနေပြီးတော့ ကြပ်ကြပ် မတ်မတ်စစ်ဆေးစိစစ်ပြီးတဲ့အခါမှာ အာမခံချက်ရှိအောင် အရည်အသွေးနှင့် ကိုက်ညီအောင် လုပ်ပေး သင့်ပါတယ်။ သို့မှသာ ငွေကုန်ရကျိုးနပ်ပြီးတော့ သီးနှံအထွက်တိုးကာ တောင်သူများတွက်ခြေကိုက် မှာဖြစ်ပါတယ်။ (၄)အချက်အနေနဲ့ နိုင်ငံတော်ကနေပြီးတော့ ကုမ္ပဏီများအနေဖြင့် ထွက်ရှိလာတဲ့ စပါးများကို ဈေးကွက်အာမခံချက်ရှိအောင်၊ စိုက်ပျိုးသူများလာအောင် မစိုက်မီကတည်းက သီးနှံ ဈေးကွက် ဝယ်ဈေးနှုန်းကို သတ်မှတ်ပေးဖို့ရန် ဒါမှမဟုတ်ရင် ဈင်းဈေးနှုန်းအတိုင်း ပြည်ပသို့တင်ပို့

ရောင်းချပေးရန်လိုအပ်ပါတယ်။ ဥပမာ ထိုင်း၊ ကမ္ဘောဒီးယား၊ အာဆီယံနိုင်ငံတွေမှာဆိုရင် လယ်သမားတွေရဲ့အကျိုးစီးပွားကို အာမခံဈေးကွက် သတ်မှတ်ပေးတဲ့အတွက် နှစ်စဉ်အရှုံးမရှိပါဘူး။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ စိုက်ပျိုးရေးနည်းပညာများ ပံ့ပိုးပေးနိုင်ခြင်းမရှိပါဘူး။ အလွန်အားနည်းပါတယ်။ စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီးတော့ စိုက်ပျိုးရေး ပညာရှင်များ၊ ဝန်ထမ်းများ၊ စိုက်ပျိုးရေး အထွက်တိုးရုံးများ အဲဒီလိုလျှော့ချလိုက်တဲ့အတွက် သီးနှံ၊ စပါးအထွက်နှုန်းဟာ သိသိသာသာ လျော့ကျသွားပါတယ်။ နောက်ဥပမာအနေနဲ့ပြောမယ်ဆိုရင် ဗီယက်နမ်တို့၊ ထိုင်းတို့၊ အာဆီယံနိုင်ငံတွေမှာဆိုလို့ရှိရင် စပါးအထွက် ဘာကြောင့်ကောင်းရတာလဲဆိုရင် သူတို့ရဲ့နိုင်ငံတော်ကနေပြီးတော့ နည်းပညာတွေကို နှစ်စဉ်ပံ့ပိုးပေးတာကြောင့်ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီအဓိကကျတဲ့ အချက်လေးချက်ဖြစ်တဲ့ ချေးငွေ၊ မျိုး၊ မြေဆီ၊ ဈေးကွက်၊ နည်းပညာ ဒီအချက်များကို နိုင်ငံတော်နှင့် ကုမ္ပဏီများက တာဝန်ယူဆောင်ရွက်ပေးမှသာ လယ်သမားများအတွက် တစ်ဧကအထွက်နှုန်းတိုးလာပြီး ဆင်းရဲနွမ်းပါးမှုလျော့နည်းလာမည်ဖြစ်ပါတယ်။ ဒါကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးတွဲဖက် လုပ်ကိုင်သင့်ပါကြောင်း ဦးတင်ထွေးရဲ့အဆိုကို ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မင်းလှမဲဆန္ဒနယ်မှ ဦးကျော်ကြီး(ခ)ဦးအုန်းခင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကျော်ကြီး(ခ)ဦးအုန်းခင်(မင်းလှမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည် တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ရပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်း ဒေသကြီး၊ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကြီး(ခ)ဦးအုန်းခင် ဖြစ်ပါ တယ်။ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးရဲ့အဆိုကို ထောက်ခံဆွေးနွေး အကြံပြုသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံဖြစ်ပါတယ်။ လူဦးရေရဲ့ ၇၃ ရာခိုင်နှုန်းဟာ ကျေးလက်နေပြည်သူတွေဖြစ်ပါတယ်။ အများစုဟာ တောင်သူလယ်သမားများဖြစ်ကြပါတယ်။ လက်ရှိအခြေအနေမှာ ကျွန်တော်တို့နိုင်ငံဟာ ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံစာရင်းမှာ ပါဝင်နေပါတယ်။ နိုင်ငံမှာ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးဟာ ကျေးလက်နေတောင်သူလယ်သမားများဖြစ်ပါတယ်။ ဘာကြောင့်ဒီလိုဖြစ်ရသလဲ အဖြေရှာကြည့်ရင် မိုးကိုမျှော်၍ စိုက်ပျိုးရေးကိုလုပ်ကိုင်နေရခြင်း၊ နည်းပညာ၊ အတတ်ပညာ၊ စက်ယန္တရားများ အားနည်းပြီး မိရိုးဖလာနည်းကိုပင် အားကိုးနေရခြင်း၊ လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်ခြင်း၊ သွင်းအားစုများနည်းခြင်း၊ ဓာတ်မြေသြဇာ ပိုးသတ်ဆေးအတုများကို သုံးနေရခြင်း၊

ရင်းနှီးမတည်ငွေအားနည်းပြီး အကြွေးသံသရာလည်နေရခြင်း၊ နွားနှင့်ဖက်၍ ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်နေရခြင်း၊ ဈေးကွက်ကောင်းများ မရရှိခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ် ကြီးမားခြင်း စတဲ့အခြေအနေဆိုးများနဲ့ ရင်ဆိုင်လုပ်ကိုင်ရင်း အခက်အခဲများစွာနဲ့ လုံးလည်ချာလည် ဖြစ်နေကြရပါတယ်။ တောင်သူလယ်သမားများ အရှုံးနဲ့ရင်ဆိုင်နေကြရပါတယ်။ အဆိုးဆုံးကတော့ ယခင်ခေတ်အဆက်ဆက် အစိုးရများ၏ စီမံခန့်ခွဲမှုအလွဲများဖြစ်ပါတယ်။ တာဝန်ကျေ စပါးသွင်း၊ ပဲသွင်း၊ နှမ်းသွင်း၊ ဝါဒိုင်သွင်း မသွင်းရင်ဖမ်းဆီးအရေးယူ၊ စပါးပြီးစပါးစိုက်ခိုင်းခြင်း စတဲ့တောင်သူ လယ်သမားများရဲ့ လွတ်လပ်စွာစိုက်ပျိုးခွင့်ကို တားဆီးခဲ့ခြင်းများကြောင့် ကျေးလက်နေတောင်သူလယ်သမားများ အကြွေးသံသရာလည်ခဲ့ရပါတယ်။ နှစ်ပေါင်းကြာခဲ့ပါပြီ။ ဒီလို အကြွေးသံသရာလည်နေတဲ့ တောင်သူလယ်သမားများဟာ မွေးမြူရေးလုပ်ငန်းကိုလည်း ထိထိရောက်ရောက် တွင်တွင်ကျယ်ကျယ် တွဲဖက်လုပ်ကိုင်နိုင်ခြင်း မရှိခဲ့ပါဘူး။ စိုက်ပျိုးရေးနဲ့မွေးမြူရေးဆိုတာ တွဲဖက်လုပ်ငန်းတွေပါ။ လုပ်ကိုင်ဖို့အခြေအနေကောင်းတွေ အစိုးရအနေနဲ့ ဖန်တီးပေးမယ်ဆိုရင် တိုးတက်ဖွံ့ဖြိုးမှုလျင်မြန်နိုင်ပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃ ပုဒ်မခွဲ(ခ)မှာ ကောက်ပဲသီးနှံများကို သင့်တင့်မျှတသည့်တန်ဖိုးရရှိစေရန် ကူညီဆောင်ရွက်မည်ဟု ထည့်သွင်းဖော်ပြထားပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံအပြောင်းအလဲကိုဖော်ဆောင်နေတဲ့ ယနေ့အချိန်မှာ ကျေးလက်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် နိုင်ငံတော်အစိုးရမှ အခြေအနေကောင်းများ ဖန်တီးပေးဖို့လိုအပ်ပါတယ်။ မိုးကိုမျှော်၍ လုပ်ကိုင်နေရမည့်အစား စိုက်ပျိုးရေလုံလောက်စေရန် အသေးစား၊ အလတ်စား ဆည်များလုံလောက်စွာတည်ဆောက်ပေးခြင်း၊ တည်ဆောက်ပြီးဆည်များ ထိရောက်စွာအသုံးပြုနိုင်ရန် ကြီးကြပ်ပေးခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းကျောင်းများ ဖွင့်လှစ်ခြင်း၊ အသိပညာပေးဟောပြောခြင်း။ ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတစ်နိုင်ငံမှာဆိုရင် လူကစွန့်တဲ့မစင်ကိုပင် ဓာတ်မြေသြဇာအဖြစ် စိုက်ပျိုးရေးမှာ စနစ်တကျအသုံးချပါတယ်။ Recycle အရေးကြီးပါတယ်။ ဒါ့အပြင် အသင်းအဖွဲ့နဲ့လုပ်ကိုင်တတ်စေရန် နည်းပညာပေးခြင်း၊ မျိုးကောင်းမျိုးသန့်များရရှိအောင်ဆောင်ရွက်ပေးခြင်း၊ စက်ယန္တရားများဖြင့်လုပ်ဆောင်ရန် အခြေအနေကောင်းများ ဖန်တီးပေးခြင်း၊ ကျေးလက်လမ်းများ၊ မြို့နှင့်ဆက်သွယ်သောလမ်းများ ရာသီမရွေးသွားလာနိုင်အောင် ဖောက်လုပ်ပေးခြင်း၊ နိုင်ငံခြားမှ ကျွမ်းကျင်သောပညာရှင်အဖွဲ့များ ငှားရမ်း၍ အကြံဉာဏ်များရယူခြင်း၊ သွင်းအားစုဖြစ်သော ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေးများကို ဈေးနှုန်းချိုသာစွာဖြင့် အလွယ်တကူရရှိရန် ဖန်တီးပေးခြင်း၊ ဥပဒေဖြင့်ပံ့ပိုးပေးခြင်း၊ ရင်းနှီးငွေလုံလောက်စေရန်

အချိန်မီရရှိစေရန် ဘဏ်စနစ်ကောင်းများဖန်တီးပေးခြင်း၊ စိုက်/မွေးသုတေသနအဖွဲ့အစည်းများ ဖွဲ့စည်းပေးခြင်း၊ ဥက္ကဋ္ဌကြီးခင်ဗျား။ သုတေသနလုပ်ငန်းဟာ အလွန်ပဲ အရေးကြီးပါတယ်။ ဒါ့အပြင် လျှပ်စစ်ဓာတ်အားလိုင်းများ ကျေးရွာအနှံ့သွယ်တန်းပေးခြင်းများ လုပ်ဆောင်ပေးရပါမယ်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ လူသားဟာ သူ့အတွက်အကျိုးဖြစ်မယ်ဆိုရင် စွမ်းစွမ်းတမံလုပ်ဆောင်ပါတယ်။ လျှပ်စစ်မီးရရှိလျှင် Joint ဆော်ခြင်း၊ စက်မှုလက်မှုလုပ်ငန်းများ သင်ယူခြင်း လုပ်ဆောင်လာမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် လျှပ်စစ်မီးရရှိဖို့ လိုအပ်ပါတယ်။ ကုန်ကျစရိတ် လျှော့ချရန်လည်း အခြေအနေကောင်းများ ဖန်တီးပေးဖို့လိုပါတယ်။ ထုတ်ကုန်ရောင်းချရန် ပြည်ပ ဈေးကွက်သို့ လက်လှမ်းမီရန်ဖန်တီးပေးခြင်း၊ နောက်ဆုံးမှာ ရွာတစ်ရွာ စက်ရုံငယ်တစ်ရုံ တည်ဆောက် ပေးနိုင်လျှင်ဖြင့် အတိုင်းထက်အလွန်ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဖော်ပြပါ အခြေအနေကောင်းများ ဖန်တီးပေးပါမှ ကျေးလက်နေပြည်သူများ လူနေမှုအဆင့်အတန်း မြင့်မားလာ မှာဖြစ်တဲ့အတွက် ဝေါမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေး၏အဆိုကို လေးလေး နက်နက်ထောက်ခံဆွေးနွေးအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး(ဆီဆိုင်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော် များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး၏အဆိုအား အပြုသဘောထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့နိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်ဟာ ကျေးလက်တောရွာမှာနေထိုင်ကြပြီး တော့ စိုက်ပျိုးရေးလုပ်ငန်းနဲ့ ၎င်းနှင့်ဆက်နွယ်သောလုပ်ငန်းများမှာ အသက်မွေးဝမ်းကျောင်းပြု လုပ်ကိုင်ဆောင်ရွက်ကြရပြီးတော့ အများစုက ဆင်းရဲနွမ်းပါးကြတာ တွေ့ရမှာဖြစ်ပါတယ်။ ဒီလို စိုက်ပျိုးရေးလုပ်ငန်းမှာ လုပ်ကိုင်သော တောင်သူလယ်သမား မိသားစုဝင်တစ်ဦးရဲ့ဝင်ငွေဟာ အိမ်နီးချင်းထိုင်းနိုင်ငံမှာ တစ်ပတ်ဝင်ငွေဟာ ၈.၅ ဒေါ်လာ၊ ဖိလစ်ပိုင်နိုင်ငံမှာ ၇ ဒေါ်လာ ရရှိတဲ့အချိန်မှာ ကျွန်တော်တို့နိုင်ငံဟာ နှစ်ဒေါ်လာနဲ့ သုံးဒေါ်လာခွဲကြားသာရှိပြီးတော့ အာရှတစ်ခွင်

မှာ ဝင်ငွေအနည်းဆုံးဖြစ်တယ်လို့ လေ့လာသိရှိရပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းထုတ်လုပ်မှုကနေ အကျိုးအမြတ်ရရှိမှုကလည်း အနည်းဆုံးနိုင်ငံဖြစ်နေကြောင်း စိတ်မကောင်းစွာ သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိမိတို့မြန်မာနိုင်ငံဟာ အာရှတိုက်မှာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ဖို့ အကောင်းဆုံးအခြေအနေကို ပိုင်ဆိုင်ထားတဲ့အပြင် မည်သည့်သီးနှံကိုမဆို စိုက်ပျိုးဖြစ်ထွန်းသော နိုင်ငံဖြစ်တယ်လို့ စိုက်ပျိုးရေးပညာရှင်များက မှတ်ချက်ပေးထားပါတယ်။ ဒီလို မြေကောင်း၊ ရေကောင်း သဘာဝတရားကို ပိုင်ဆိုင်ထားတဲ့ ကျွန်တော်တို့နိုင်ငံရဲ့စိုက်ပျိုးရေးလုပ်ငန်းဟာ တစ်ချိန်က အာရှမှာ ထိပ်တန်းဆန်တင်ပို့နိုင်ခဲ့ပေမယ့်လည်း ယခုအခါ စိုက်ပျိုးမှုလုပ်ငန်း ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ ဖြစ်ရခြင်းကိုကြည့်မယ်ဆိုရင် ခေတ်အဆက်ဆက်က တာဝန်ရှိသူများ အလေးထားအားပေးမှု၊ ဂရုတစိုက်ကိုင်တွယ်ဖြည့်ဆည်းပေးမှု အားနည်းခဲ့တယ်ဆိုတာ တွေ့ရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျေးလက်နေတောင်သူလယ်သမားများရဲ့ ဆင်းရဲနွမ်းပါးမှုက ရုန်းမထွက်နိုင်ဘဲ သံသရာ လည်နေကြတာကို ကြည့်မယ်ဆိုရင် လုံလောက်သောအရင်းအနှီးမရှိခြင်းက အဓိကတွေ့ရပါတယ်။ အရင်းအနှီးမလုံလောက်တော့ ပြင်ပမှာကြီးမားတဲ့အတိုးနဲ့ ချေးယူနေကြရပါတယ်။ တစ်ဖန် အရည် အသွေးပြည့်မီတဲ့ မျိုးစေ့များကိုလည်း မရရှိကြပါဘူး။ မျိုးစေ့ကို ပြည်တွင်း၌ ပုဂ္ဂလိက၊ အစိုးရ ထုတ်လုပ်နိုင်မှုကလည်း အင်မတန်နည်းတာကို တွေ့ရပါတယ်။ ဓာတ်မြေဩဇာကိုလည်း လုံလောက်စွာ မသုံးစွဲနိုင်ကြတဲ့အပြင် အကျိုးအာနိသင်နည်းသော မြေဩဇာထုတ်လုပ်တင်သွင်းဖြန့်ဖြူးမှုကလည်း ရှိနေသေးတာကို တွေ့ရပါတယ်။ အရည်အသွေးအသင့်အတင့်ရှိသော ဓာတ်မြေဩဇာကျတော့ ဈေးနှုန်းကကြီးမြင့်သဖြင့် တောင်သူများလက်လှမ်းမမီနိုင် ဖြစ်နေကြရပါတယ်။ နည်းပညာရရှိမှုအပိုင်း ကို ကြည့်မယ်ဆိုရင်လည်း ခေတ်မီလယ်ယာသုံးကိရိယာသုံးစွဲနိုင်မှု အင်မတန်နည်းနေသေးတာကို တွေ့ရသလို စိုက်ပျိုးနည်းစနစ်၊ သိုလှောင်ထိန်းသိမ်းတဲ့စနစ်၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးသုံးစွဲပုံ နည်းပညာပေးခြင်း အလွန်နည်းပါးလှပါတယ်။ တစ်ဖက်မှာ တောင်သူလယ်သမားများက ပညာရည်နည်းပါးခြင်းကြောင့် တီဗွီ၊ ရေဒီယိုမှာ ဦးဖွကြော်ငြာအားကောင်းကောင်းကို ကြည့်ရှု နားထောင်ပြီး ကောင်းနိုး ရာရာ ဝယ်ယူသုံးစွဲနေကြရတာကိုလည်း စိတ်မကောင်းစွာ တွေ့နေရပါတယ်။ ဒါ့အပြင် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းကလည်း ကျေးလက်နေပြည်သူများအတွက် မမျှတသော သယ်ယူပို့ဆောင်ရေးစရိတ်ကို ပေးနေရတာကလည်း ဝန်ထုပ်ဝန်ပိုးဖြစ်နေကြရပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ မြန်မာနိုင်ငံရဲ့ ပြည်တွင်းထုတ်လုပ်မှု GDP ရဲ့ ၃၈ ရာခိုင်နှုန်းဟာ စိုက်ပျိုးရေးလုပ်ငန်းမှ ဖြစ်တဲ့အပြင် အလုပ်အကိုင် အခွင့်အလမ်းရဲ့ ၆၀ ရာခိုင်နှုန်းကိုလည်း စိုက်ပျိုးရေးလုပ်ငန်းက

**မူကြမ်း**

ဖန်တီးပေးထားတာဖြစ်တဲ့အတွက် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်တွင် စိုက်ပျိုးရေးလုပ်ငန်းဟာ နောင် နှစ်ပေါင်းများစွာအထိ အရေးပါအရာရောက်နေအုံးမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် စိုက်ပျိုးရေးထုတ်လုပ်မှုလုပ်ငန်းမြှင့်တင်ရေးသည် ကျေးလက်နေပြည်သူများ လူမှုဘဝစီးပွား တိုးတက်ရေးအတွက် တစ်ခုတည်းသောမျှော်လင့်ချက်ဖြစ်တာကြောင့် စိုက်ပျိုးရေးနှင့်တွဲဖက်၍ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရာတွင် အစိုးရသစ်အနေဖြင့် ဒေသနယ်ပယ် အသီးသီးမှာ ကောင်းမွန်သော လယ်သမား အခြေပြုစီမံကိန်းများကို ဦးစားပေးအကောင်အထည် ဖော်ဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုတင်ပြရင်း ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်ထွေး၏အဆိုအား လေးလေး နက်နက်ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးမြင့်လွင်(တွံတေးမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်း ဒေသကြီး၊ တွံတေးမဲဆန္ဒနယ်က ဦးမြင့်လွင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝေါမဲဆန္ဒနယ်က ဦးတင်ထွေးရဲ့ ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ လူနေမှုအဆင့်အတန်းမြင့်မား ရေးဆိုတဲ့အပိုင်းကို အဓိကထားပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆရာဝန်တစ်ယောက်ဟာ လူနာကို ကုသတော့မယ်ဆိုလို့ရှိရင် အဲဒီ လူနာခံစားနေရတဲ့ ဝေဒနာရဲ့ ဇစ်မြစ်ကို တွေ့အောင်ရှာဖို့လိုပါတယ်။ အဓိကကတော့ ရောဂါကိုရှာဖွေ ဖော်ထုတ်ရမှာ ဖြစ်ပါတယ်။ အနာသိရင်ဆေးရှိတယ်ဆိုတဲ့ အဲဒီရောဂါကို အမျိုးအမည်ခွဲခြားဖော်ထုတ် နိုင်မှ ထိရောက်တဲ့ ကုသမှုကိုပေးနိုင်မှာဖြစ်ပါတယ်။ အခုအချိန်မှာ ကျွန်တော်တို့နိုင်ငံဟာ ဆန်တန်ချိန် နှစ်သန်းလောက်ကို ထုတ်လုပ်ရောင်းချနိုင်ဖို့အတွက် ဖျစ်ဖျစ်မြည်အောင်ကြိုးစားနေရတဲ့အတွက် တစ်ချိန်က လွန်ခဲ့တဲ့ နှစ် ၆၀၊ ၇၀ လောက်ကဆိုရင် ကျွန်တော်တို့နိုင်ငံဟာ ဆန်တန်ချိန် ၁၂ သန်း လောက်ထိ ထုတ်လုပ်တင်ပို့ရောင်းချနိုင်တဲ့နိုင်ငံဖြစ်ခဲ့ပါတယ်။ အာရှနိုင်ငံသားအများစုကို အဓိက ထမင်းကျွေးခဲ့တဲ့နိုင်ငံ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံကို ကမ္ဘာက အာရှရဲ့စပါးကျီ ဆိုပြီးတော့ တင်စားခေါ်ဝေါ်ခဲ့ကြပါတယ်။ ဒါပေမဲ့ ၁၉၆၇ ခုနှစ်လောက်အရောက်မှာတော့ ကျွန်တော် တို့နိုင်ငံက တစ်နိုင်ငံလုံးမှာ ကြီးကျယ်တဲ့ဆန်ရှားပါးမှုတွေဖြစ်ခဲ့ပါတယ်။ အဲဒါကြောင့်မို့လို့ ရခိုင် ပြည်နယ်မှာ ဆိုလို့ရှိရင် ဆန်လုပွဲတွေဖြစ်ခဲ့ပါတယ်။ အစိုးရကနေပြီးတော့ ပစ်ခတ်ရှင်းလင်းမှုတွေ လုပ်ခဲ့ရပါတယ်။ ပြည်သူတွေတော်တော်များများ သေကြေပျက်စီးခဲ့ရပါတယ်။ နောက်တစ်ခါ

ဒါတွေဟာ ဘာကြောင့် ဖြစ်တာလဲ။ အာရှရဲ့စပါးကျီအဖြစ်ကနေ ဒီလောက်ဆန်ရှားပါးတဲ့နိုင်ငံဖြစ်သွားတာ ဘာဖြစ်တာလဲဆိုတဲ့အခါကျတော့ အဓိကကတော့ ဆန်စပါး၊ မြေယာမူဝါဒတွေ မှားယွင်းခဲ့လို့ဖြစ်ပါတယ်။ မြေယာမူဝါဒမှားယွင်းတာက ဘယ်ကလာလဲဆိုတော့ စီးပွားရေးမူဝါဒမှားယွင်းမှုက လာတာဖြစ်ပါတယ်။ စီးပွားရေး မူဝါဒမှားယွင်းမှုက ဘယ်ကလာလဲဆိုတော့ နိုင်ငံရေးမူဝါဒမှားယွင်းမှုက လာတာဖြစ်ပါတယ်။ နိုင်ငံရေးမူဝါဒက ပြည်သူကို ဗဟိုမပြုတဲ့ နိုင်ငံရေးမူဝါဒဖြစ်ခဲ့တယ်။ အဲဒီကနေ စီးပွားရေးမူဝါဒက လက်ဝဲစွန်း ဆိုရှယ်လစ်အစွန်းရောက်မူဝါဒတွေဖြစ်ခဲ့တယ်။ အဲဒီအခါကျတော့ မြေယာမူဝါဒတွေလည်း မှားယွင်းခဲ့တယ်။ မှားယွင်းခဲ့တဲ့အခါကျတော့ အာရှရဲ့စပါးကျီဟာ ဆန်လုရတဲ့နိုင်ငံတစ်ခုအဖြစ်ကို ရောက်ရှိခဲ့တယ်။ အဲဒီတော့ နောက်တစ်ခါထပ်ပြီးတော့ ဘာအမှားတွေထပ်ဖြစ်တယ်ဆိုတော့ တာဝန်ကျေစပါးဆိုတဲ့ မူဝါဒကြောင့် ကျွန်တော်တို့ ဒါအားလုံးသိခဲ့ကြတဲ့အတိုင်းပါပဲ။ လယ်သမားတွေတော်တော်များများ ထောင်ထဲရောက်တယ်၊ အချုပ်ထဲရောက်တယ်။ အဲဒီအချိန်မှာ စပါးဝယ်ယူရေးကို အဓိက ချုပ်ကိုင်ပြီးတော့ လုပ်နေတဲ့ကုန်သွယ်ရေးကဝန်ထမ်းတွေကတော့ အောက်ခြေကနေပြီး အထက်အထိကို အိမ်တစ်လုံးက နှစ်လုံး၊ နှစ်လုံးကနေ သုံးလုံးထိ ချမ်းသာကြွယ်ဝလာကြတာ ရှိပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ရဲ့ စီးပွားရေးမူဝါဒ၊ မြေယာမူဝါဒမှားယွင်းတဲ့အတွက်ကြောင့် အာရှရဲ့စပါးကျီအဖြစ်က တောင်သူလယ်သမားတွေရဲ့ဘဝက နွမ်းပါးနိမ့်ကျခဲ့ရတာဖြစ်ပါတယ်။ တစ်ခါ ၁၉၈၈ ခုနှစ်မှာ ပြည်သူတွေ၊ လယ်သမားတွေဟာ သူတို့ဒီဆင်းရဲတွင်းဒုက္ခကနေ လွတ်မြောက်ဖို့အတွက် အရေးတော်ပုံကြီးမှာ ပါဝင်လှုပ်ရှားခဲ့ကြတယ်။ ဒါပေမဲ့ သူတို့ရဲ့ဘဝက အဲဒီအခြေအနေက မလွတ်မြောက်ခဲ့ပါဘူး။ အဲဒီမှာ ထပ်ပြီးတော့ ဒုက္ခ နူရာဝဲစွဲ လဲရာသူခိုးထောင်းဆိုသလို ဖြစ်ခဲ့ရတာကတော့ မြေသိမ်းယာသိမ်းကိစ္စတွေပါ။ ပုံစံအမျိုးမျိုးနဲ့၊ နာမည်အမျိုးမျိုးနဲ့၊ အဖွဲ့အစည်းအမျိုးမျိုးကနေပြီးတော့ လယ်မြေတွေသိမ်းတဲ့အခါမှာ ကျွန်တော်တို့ လယ်သမားတော်တော်များများက လယ်မဲ့ယာမဲ့တွေဖြစ်သွားကြပါတယ်။ အဲဒီအခါမှာ ကြံရာမရဖြစ်ပြီးတော့ တော်တော်များများက အိမ်နီးနားချင်းနိုင်ငံတွေမှာ သွားပြီးတော့ အလုပ်လုပ်ကြရပါတယ်။ အလုပ်လုပ်တဲ့အခါမှာလည်း အားလုံးကြားသိနေကြရတဲ့အတိုင်းပဲ ဒယ်အိုးပေါ်ကနေ ပူလို့ခုန်ချတဲ့အခါမှာ မီးပူထဲကိုကျသွားတဲ့သဘော ပိုပြီးတော့ဒုက္ခကြီးစွာခံစားခဲ့ကြရပါတယ်။ တစ်ခါ လယ်မဲ့ယာမဲ့ဖြစ်တဲ့အတွက် လယ်ယာအလုပ်မရှိတဲ့အခါမှာ မြို့တွေကိုတက်လာတယ်။ မြို့တွေမှာ ပေါ်လာတဲ့စက်ရုံအလုပ်ရုံတွေမှာ မတန်တဆနိမ့်ပါးတဲ့လုပ်ခတွေနဲ့ အလုပ်လုပ်ခဲ့ကြရတယ်။ အလုပ်လုပ်ကြရတဲ့အခါမှာ၊ ပြီးတော့နေတဲ့ထိုင်တဲ့အခါမှာ နေစရာမရှိတော့ကပ်ပြီးတော့ရင်းနဲ့ ကျူးကျော်

တွေဘဝကိုရောက်သွားခဲ့ကြတယ်။ တစ်ခါ နိမ့်ပါးလှတဲ့လုပ်အားခကို ဆန္ဒပြတဲ့အခါကျတော့လည်း ဆန္ဒပြမှုနဲ့ ထောင်ထဲရောက်သွားကြတယ်။ အဲဒီတော့ ဒီအခြေအနေတွေဟာ ကျွန်တော်တို့ မြေယာမူဝါဒတွေရဲ့ မှားယွင်းမှုကြောင့်ဆိုတာ သိပ်ထင်ရှားပါတယ်။ အဲဒီတော့ အခုတော့ အခြေအနေတွေဟာ အတော်လေးပြောင်းလဲလာပါပြီ။ ပြောင်းလဲလာတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ကတော့ ဘာပဲပြောပြော ဒီအခြေအနေကနေပြီးတော့ ကောင်းတဲ့အခြေအနေရောက်အောင် ဆက်သွားကြရမှာဖြစ်ပါတယ်။ သို့သော်လည်း ကျွန်တော်တို့အနေနဲ့ မှန်ကန်တဲ့မူဝါဒတွေဖြစ်ဖို့အတွက် အခြေခံအချက်အလက်တွေကို အကြံပြုဆွေးနွေးလိုတာရှိပါတယ်။ အဲဒါကတော့ နံပါတ်(၁) အသိမ်းခံမြေတွေပထမဆုံး ပြန်လည်ရရှိရေးကို ဒါမှမဟုတ်လို့ရှိရင် ဘယ်လိုမှပြန်မပေးနိုင်တော့တဲ့ မစွန့်လွှတ်နိုင်တဲ့မြေတွေအတွက် လျော်ကြေးတွေပေးဖို့အတွက် ကျွန်တော်တို့ အစိုးရကဦးစီးပြီးလုပ်ပေးဖို့ လိုပါတယ်။ နောက်တစ်ခုက အလုပ်မဖြစ်တဲ့ ဆည်တွေ၊ မြစ်ရေတင်စီမံကိန်းတွေဖျက်သိမ်းပြီးတော့ ဆည်တွေကို ပြန်ဖျက်ပြီးတော့ လယ်ယာမြေတွေပြန်ဖော်ထုတ်ဖို့ လိုပါတယ်။ နောက်တစ်ခုကတော့ ခေတ်မီတဲ့နည်းပညာမျိုးစပါးတွေ၊ ချေးငွေတွေ၊ စက်ကိရိယာတွေရရှိဖို့အတွက် ဆောင်ရွက်ပေးဖို့လိုပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ နိုင်ငံတကာအဆင့်မီ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သုတေသနစင်တာကြီးတွေ ထူထောင်ပေးဖို့ လိုပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ပီပြင်တဲ့သမဝါယမလယ်ယာတွေ ဖော်ထုတ်ဖို့။ ဒါကတော့ အစ္စရေးနိုင်ငံမှာဆိုရင် သမဝါယမလယ်ယာတွေဟာ ကောင်းကောင်းအောင်မြင်နေတာကို ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ နိုင်ငံမှာလည်း မဖြစ်ဘူးဆိုတာမရှိပါဘူး။ သေချာအကျင့်ပျက်ခြစားမှုကို ထိန်းချုပ်ပြီးတော့ ကျွန်တော်တို့လုပ်မယ်ဆိုရင် သမဝါယမလယ်ယာတွေဟာ အောင်မြင်နိုင်ဖို့အလားအလာရှိပါတယ်။ နောက်တစ်ခုကတော့ ဈေးကွက်တွေကိုရှာပေးရပါမယ်။ နောက်တစ်ခုကတော့ စစ်မှန်တဲ့တောင်သူလယ်သမားညီလာခံကြီးတစ်ခု၊ စစ်မှန်တဲ့တောင်သူလယ်သမားကိုယ်စားလှယ်တွေ တက်ရောက်တဲ့ညီလာခံကြီးတစ်ခုဖန်တီးပြီးတော့ တောင်သူလယ်သမားတွေရဲ့ အသံကိုနားထောင်ဖို့ လိုအပ်ပါတယ်ဆိုတာကို ကျွန်တော်အကြံပြုတင်ပြရင်းနဲ့ ဝေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးရဲ့အဆိုကို ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးတင်ထွေး၊ ဝေါမဲဆန္ဒနယ်၏အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ သဘောထားပြောပါ။

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ ဝေါမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်ထွေးရဲ့ အဆိုဖြစ်တဲ့ ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူနေမှုအဆင့်အတန်းမြင့်မား ရေးအတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီးတော့ လယ်တစ်ဧကအထွက်နှုန်း မြင့်မားစေရန် စိုက်ပျိုး ရေးနှင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်စေမည့် အစီအမံများအား ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် အဆိုနှင့်ပတ်သက်ပြီးတော့ ထောက်ခံတင်ပြ သွားကြတဲ့ ၁၈ ဦးသော ပြည်သူ့ကိုယ်စားလှယ်တော်ကြီးများနှင့် တပ်မတော်သားကိုယ်စားလှယ် အပေါင်းရဲ့ အင်တိုက်အားတိုက် ထောက်ခံဆွေးနွေးတဲ့အပေါ်မှာ သက်ဆိုင်ရာ ပြည်ထောင်စု စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီးမှ ပြန်လည်ပြီးတော့ ဒီအဆိုအပေါ်မှာ လေးလေးနက်နက် ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဆွေးနွေးသွားတဲ့ အဆိုရှင်နှင့် ၁၈ ဦးသော ကိုယ်စားလှယ်များရဲ့ဆွေးနွေးချက်များကို ပြန်လည်သုံးသပ်တင်ပြရမယ် ဆိုလို့ရှိရင်တော့ ဆွေးနွေးတဲ့အကြောင်းအရာတွေအားလုံးက အကြောင်းအရာ ၁၂ ခုအပေါ်မှာ သွားပြီးတော့ ခြုံငုံမိပါတယ်။ နံပါတ်(၁)အကြောင်းအရာဖြစ်တဲ့ အရင်းအနှီးနဲ့ပတ်သက်လို့ ဒါတွေက အဓိကအရင်းအနှီးမရှိဘဲနဲ့ ဘာမှလုပ်လို့မရဘူး။ ဒီဟာတွေနဲ့ပတ်သက်လို့ ကျွန်တော်တို့အားလုံး ဒါကို ထောက်ခံရမှာပါ။ ကျွန်တော်တို့ လက်ခံပြီးတော့ ဒီအရင်းအနှီးနဲ့ပတ်သက်လို့ ဘယ်လိုလုပ်မလဲဆိုတာ လာမယ့်နိုင်ငံတော်အစိုးရရဲ့ မူဝါဒတွေမှာ ထည့်သွင်းစဉ်းစားပြီးတော့ လုပ်သွားမယ့်အနေအထား တွေရှိပါတယ်။ အရင်းအနှီးနဲ့ပတ်သက်လို့ စိုက်ပျိုးရေးမှာတော့ ပေးပြီးတော့ မွေးမြူရေးမှာ မပေးတဲ့ ပြဿနာ ဒီဥစ္စာလည်း ကျွန်တော်တို့ အလေးအနက်ထားစဉ်းစားရမှာဖြစ်ပါတယ်။

နံပါတ်(၂)အချက်မှာ စိုက်ပျိုးမြေနဲ့ပတ်သက်ပြီးတော့ အဓိကကျွန်တော်တို့နိုင်ငံရဲ့ စိုက်ပျိုးမြေ တွေက စိုက်ပျိုးနိုင်တဲ့မြေအားလုံးရဲ့ ၂၀ ရာခိုင်နှုန်းမှာပဲ လက်ရှိအနေအထားမှာ စိုက်ပျိုးနေရတာ ဖြစ်ပါတယ်။ ကျန်တဲ့ ၈၀ ရာခိုင်နှုန်းသည် မြေသိမ်းယာသိမ်းကြောင့် အလေအလွင့်ဆုံးရှုံးမှုရှိနေတယ်

ဆိုတာကို USaid ကနေ သုံးသပ်တင်ပြထားတာရှိတဲ့အတွက် ဒါသည် နိုင်ငံတော်ရဲ့ အဓိကကျသော ဖြေရှင်းရမယ့်လုပ်ငန်းဖြစ်တဲ့အတွက် အခု လက်ရှိဆောင်ရွက်နေတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ အဓိကတာဝန်များဖြစ်ပါတယ်။ ကျန်တဲ့ ၈၀ ရာခိုင်နှုန်းသော အကျိုးမရှိဘဲနဲ့ မြေသိမ်းယာသိမ်းလုပ်ထားတဲ့မြေယာများကို ဆက်လက်ပြီးတော့ မြေယာပိုင်ရှင်များဆီကို အရောက် ပြန်ပြီးတော့ပို့နိုင်အောင် ဆက်လက်ပြီးတော့ ကြိုးစားရမှာ ဖြစ်ပါတယ်။

နံပါတ်(၃)အချက်ဖြစ်တဲ့ မျိုးစေ့နဲ့ပတ်သက်တဲ့ မလုံမလောက်မှု၊ မျိုးစေ့နဲ့ပတ်သက်လို့ တိရစ္ဆာန်ရော၊ သီးနှံရောမှာ လုံလောက်မှုမရှိပါဘူး။ အဆိုရှင်များပြောသွားတဲ့ ထောက်ခံဆွေးနွေးချက်က အားလုံး ပြည့်စုံပါတယ်။ စပါးမှာဆိုရင် တစ်ရာခိုင်နှုန်းတောင် မျိုးစေ့လုံလောက်မှုမရှိဘူး။ ဒါတွေနဲ့ ပတ်သက်လို့လည်း ဒီလာမယ့် အခုခေတ်ကာလမှာဆက်ပြီးတော့ မျိုးစေ့လုံလောက်မှု အစီအမံများဆွဲပြီး ဆောင်ရွက်သွားဖို့ ယခုကတည်းကစပြီးတော့၊ ဒီမိုးတွင်းမှစပြီးတော့ တောင်သူလယ်သမားများနှင့် အကျိုးတူပူးပေါင်းပြီး မျိုးစေ့ထုတ်လုပ်ငန်းတွေကို ဆောင်ရွက်သွားဖို့ရှိပါတယ်။ စက်ကိရိယာနှင့် ပတ်သက်လို့ လယ်ယာသုံးစက်ကိရိယာကတော့ အရင်းအနှီးရှိမှဖြစ်မှာပါ။ ယနေ့ အနေအထားမှာ သဘာဝဘေးဒဏ်တွေ ကျရောက်ခံစားရတဲ့အခါမှာ ဒီစက်ကိရိယာရဲ့ကဏ္ဍက အရေးအကြီးဆုံးဖြစ်လာပါတယ်။ ဒါကို အလျင်မီ ရိတ်သိမ်းသိုလှောင်သိမ်းဆည်းနိုင်ဖို့ဟာ စက်ကိရိယာတွေရှိမှာဖြစ်ပါမယ်။ အထွက်နှုန်းအားဖြင့်လည်း စက်ကိရိယာမရှိတဲ့အတွက် လက်ရှိ ကျွဲ၊ နွားတွေနဲ့ ထွန်ယက် လုပ်ကိုင်နေတဲ့အနေအထားတွေထက်စာရင် စက်ကိရိယာတွေနဲ့ဟာ အထွက်နှုန်းအားဖြင့် ၁၀ ဆကနေ အဆ ၂၀ လောက်အထိ ထွက်အောင်စက်ကိရိယာကကူညီပြီးတော့ အချိန်အားဖြင့်၊ အကျိုးအားဖြင့် အများကြီးပေးနိုင်တဲ့အတွက် ဒီဟာနဲ့ပတ်သက်လို့ စက်ကိရိယာပိုင်းမှာ နိုင်ငံတော်က ပိုင်ဆိုင်မှု စက်ကိရိယာပမာဏဟာ ပြည်နယ်တစ်ခုမှာရှိတဲ့ လယ်ယာမြေ၊ ထွန်ယက်ပေးနိုင်တဲ့အနေအထား၊ ရိတ်သိမ်းပေးနိုင်တဲ့အနေအထားမှာရှိတဲ့အတွက် ဝန်နဲ့အား မမျှဖြစ်နေပါတယ်။ ဒါနဲ့ ပတ်သက်လို့ ငှားတဲ့စနစ်တွေ၊ ပုဂ္ဂလိကနဲ့ပေါင်းစပ်ပြီးတော့ ငှားတဲ့စနစ်တွေ တိုးချဲ့ပြီးတော့ ဆောင်ရွက်နေပါတယ်။ စက်ကိရိယာပိုင်းအနေနဲ့ဝယ်နိုင်ဖို့လည်း အစီအမံတွေကို ဆက်ပြီးတော့ လက်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ မူဝါဒတွေမှာ ထည့်သွင်းပြီးတော့ နောက်ဆုံးကိုယ်စားလှယ်ကြီးဆွေးနွေးသွားတဲ့ သမဝါယမစုပေါင်းမွေးမြူပြီးတော့၊ စိုက်ပျိုးပြီးတော့ သမဝါယမ မြစိမ်းရောင်စနစ်က ပံ့ပိုးပေးမယ့်ငွေကြေးစနစ်နဲ့ လယ်သမားအစုအဖွဲ့တွေနဲ့ ကျေးရွာတိုင်းမှာ စုဖွဲ့ပြီးတော့ လယ်သမားတွေကို လိုအပ်တဲ့ပံ့ပိုးပစ္စည်းတွေအားလုံး စက်ကိရိယာတွေကို အစုအဖွဲ့နဲ့ ကူညီပံ့ပိုးပြီး

တော့ ဒီဥစ္စာကို ထုတ်လုပ်သွားဖို့ဆိုရင် လက်ရှိတစ်ဦးချင်းထုတ်နေတဲ့စနစ်ထက်စာရင် နိုင်ငံတော်ရဲ့ တိုးတက်မှုအရှေ့ကို မြင်ရမှာဖြစ်ပါတယ်။ ဒါလည်း လက်ရှိအစိုးရမှာ ဆက်လက်ဆောင်ရွက်သွားမယ့် အစီအစဉ်များဖြစ်ပါတယ်။

သွင်းအားစုနဲ့ပတ်သက်လို့ အားလုံးဆွေးနွေးသွားတဲ့အတိုင်းပဲ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေးအရည်အသွေးများ မပြည့်မီမှု ဒါတွေကလည်း အားလုံးက တစ်ညီတညွတ်တည်း ဆွေးနွေးသွားတာ အမှန်တရားပဲဖြစ်ပါတယ်။ ဒီဟာတွေကလည်း ဒီစနစ်ရဲ့ တစ်ဦးချင်းစနစ်ရဲ့အားနည်းမှုကြောင့် လယ်သမားတစ်ဦးချင်းက ဒီ ဆေးဝါး၊ ပစ္စည်း၊ ကုန်သည်တွေရဲ့ အကြွေးစနစ်အောက်မှာ လူးလိမ့်ပြီးတော့ သူတို့က ဒီအကြွေးရရင် ပြီးရောဆိုတဲ့စနစ်နဲ့ မစိုက်ခင်မှာ အကြွေးယူပါတယ်။ စိုက်ပြီးတဲ့အချိန်မှာ ကျွန်တော်တို့ လေ့လာချက်အရ ဒီတောင်သူတစ်ဦးချင်းဟာ တစ်ကျပ်တန်တဲ့ပစ္စည်းကို ကျပ် ၁၀၀ ကနေ ကျပ် ၂၀၀ အထိ ပြန်လည်ပေးဆပ်နေရတယ်ဆိုတာကို သူတို့မသိပါဘူး။ သူက အကြွေးပြန်ဆပ်ဖို့ပဲသိပါတယ်။ ရိတ်သိမ်းချိန်မှာ သူတို့ လုပ်ကျွေးရတဲ့သူတွေက ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေး၊ ဓာတ်မြေဩဇာ၊ ကုန်သည်များသာဖြစ်ကြောင်း တွေ့ရှိရတဲ့အတွက် ဒီအလယ်အလတ် ကုန်သည်ပွဲစားစနစ် တစ်ဦးသောကိုယ်စားလှယ်ကြီးက ဆွေးနွေးသွားပါတယ်။ ဒီအလယ်အလတ်ပွဲစားများ ပျောက်တဲ့စနစ်က သမဝါယမစနစ်ဖြစ်ပါတယ်။ သမဝါယမစနစ်သည် လယ်သမားထုတ်လုပ်တဲ့ဟာတွေကို ကုန်သည်(Whole Sale)ပေါ့နော်။ လက်ကားဒိုင်အထိ ဆက်သွယ်ပြီးတော့ သွင်းအားစုတွေကို ချိတ်ဆက်လုပ်မယ်။ ထွက်ရှိတဲ့သီးနှံတွေနဲ့ဆက်စပ်ပြီးတော့ လယ်သမားနဲ့ ကုန်သည်တိုက်ရိုက်စနစ်ကို လုပ်မှာဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ လက်ရှိဆောင်ရွက်မယ့် သမဝါယမပုံစံနဲ့ စိုက်ပျိုး၊ မွေးမြူ ထုတ်လုပ်ရေးဟာ အကောင်အထည်ဆက်ဖော်သွားမယ်ဆိုရင် အခုနက အရည်အသွေးမပြည့်မီတဲ့ သွင်းအားစုတွေနဲ့ပတ်သက်လို့ လယ်သမားတွေ အကြွေးစနစ်ကြောင့် ခါးစည်းခံနေရတဲ့အနေအထားကနေလွတ်နိုင်မယ်ဆိုတာ ကျွန်တော်တို့ သိပါတယ်။ လာမယ့် ဆွေးနွေးမယ့်မူဝါဒထဲ မှာပါထားပါတယ်။

နည်းပညာပိုင်းနဲ့ပတ်သက်လို့ ဝန်ထမ်းတစ်ဦးက ဧက ၇၅၀၀ လောက်အထိ တာဝန်ယူနေရတဲ့ အနေအထားဖြစ်နေတဲ့အတွက် ဒါကိုလည်း ကျွန်တော်တို့ ဆက်ပြီး သုံးသပ်ပြီး တိုးချဲ့ဖို့လုပ်ပါမယ်။ နံပါတ်(၈)အချက်ဖြစ်တဲ့ သဘာဝဘေးဒဏ်ကတော့ လက်ရှိမှာ ခါးစည်းလို့ခံနေရပါတယ်။ ဒီဒဏ်က ရှေ့ကစိုက်လိုက်၊ နောက်ကပျက်လိုက်၊ ရှေ့ကမွေးလိုက် နောက်ကနေပြီး ဖျက်လိုက်ဆိုတော့ ဒီသဘာဝဘေးဒဏ်ကလည်း ကျွန်တော်တို့ရဲ့ Challenges မှာ တစ်ခုပါနေတဲ့အတွက် ဒါကို ကျွန်တော်တို့

ဘယ်လိုအလွတ်ရုန်းနိုင်အောင် စိုက်ပျိုးမွေးမြူရေးစနစ်တွေ လုပ်မယ်ဆိုတာကိုလည်း အစီအမံထဲမှာ ထည့်ထားပါတယ်။ နောက် တောင်သူတွေရဲ့ အကြွေးတင်မှု။ သီးနှံရောင်းချိန်မှာ ဈေးကျပြီးတော့ အရှုံးနဲ့ရင်ဆိုင်နေရတယ်။ တောင်သူတွေသီးနှံရောင်းချိန်မှာ ဈေးကျလို့ အကြွေးတင်တာနှင့်အမျှ တောင်သူကလည်း တွက်ခြေမကိုက်ဘူး။ ကျွန်တော်တို့ တိုင်းပြည်ရဲ့ အနေအထားဟာဆိုလို့ရှိရင် စားသုံးသူမှာလည်း ဈေးကြီးပေးပြီးတော့ စားနေရတဲ့အနေအထားရှိပါတယ်။ ပတ်ဝန်းကျင်နိုင်ငံများနှင့်ယှဉ်ကြည့်မယ်ဆိုရင် ပတ်ဝန်းကျင်နိုင်ငံများအားလုံးနဲ့ ကျွန်တော်တို့နိုင်ငံသည် ထုတ်လုပ်တဲ့ တောင်သူကလည်း။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်တို့ ဒီဟာတွေက ကိုယ်စားလှယ်တွေအားလုံးဟာ ဆွေးနွေးပြီးပါပြီ။ ကိုယ်စားလှယ်တွေအားလုံးဆွေးနွေးတဲ့အပေါ်မှာ ဝန်ကြီးဌာနရဲ့သဘောထားကို တိတိလင်းလင်းနဲ့ ထိထိမိမိလေး ပြောပေးပါ။

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ အဲဒီတော့ တောင်သူတွေကော၊ စားသုံးသူတွေကော တွက်ခြေမကိုက်တဲ့အနေအထား၊ ကျေးလက်အလုပ်လက်မဲ့တွေ များနေတဲ့အနေအထား၊ ဈေးကွက်တွက်ခြေမကိုက်တဲ့အနေအထား ဒီအခြေအနေတွေဟာ ကျွန်တော်တို့နိုင်ငံကို အဆင်းရဲဆုံးနိုင်ငံအဖြစ် ရောက်ရှိနေတဲ့အတွက် ဒီကနေလွတ်မြောက်ဖို့ ကျွန်တော်တို့ရဲ့ မူဝါဒလုပ်ငန်းစဉ်များကို ချမှတ်ပါတယ်။ ချမှတ်တဲ့နေရာမှာ ကျွန်တော်တို့မူဝါဒလုပ်ငန်းစဉ်များသည် ပြီးခဲ့တဲ့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ လယ်ယာရေးရာ ကော်မတီအရ ၂၀၁၃ ခုနှစ်မှာချမှတ်ခဲ့တဲ့ မူဝါဒလုပ်ငန်းစဉ်များကို အခြေခံပြီးတော့ တောင်သူလယ်သမားများရဲ့ ဆင်းရဲတဲ့ တောင်သူလယ်သမားများအားလုံး အကျိုးရှိစွာဆောင်ရွက်နိုင်ဖို့ လယ်သမားအစုအဖွဲ့များ ဖွဲ့စည်းပြီးတော့ စုပေါင်းစိုက်ပျိုးမွေးမြူရေးအသင်းများကို ကျေးရွာအလိုက်ဖွဲ့စည်းပြီးတော့ ကျွန်တော်တို့ သမဝါယမနဲ့ မြစိမ်းရောင်စီမံကိန်းတွေကနေပြီးတော့ ချေးငွေများ ပံ့ပိုးပေးပြီးတော့ ဒီစိုက်ပျိုးရေး စီးပွားထုတ်လုပ်သည့် လုပ်ငန်းကြီးကို ပြည်တွင်းမှာ မိသားစုစားဝတ်နေရေးဖူလုံမှုသာမက ပြည်ပကို ထုတ်လုပ်ဖို့ ရည်ရွယ်ပြီးတော့ ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ဒီကျွန်တော်တို့ရဲ့လုပ်ငန်းသည် ဆွေးနွေးသွားတဲ့ ၁၈ ဦးသော လွှတ်တော်ကိုယ်စားလှယ်များနှင့် တစ်ထပ်တည်းကျရောက်ပြီးတော့ လုပ်ငန်းကို တစ်ထပ်တည်းသွားမှာဖြစ်တဲ့အတွက် ဒီလုပ်ငန်းကို ရှေ့ဆက်အောင်မြင်ရေးအတွက်ကို တက်ရောက်နေတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အပါအဝင် ကျွန်တော်တို့သွားမယ့် လုပ်ငန်းစဉ်

မှာ ပါဝင်ပူးပေါင်း ဆောင်ရွက်ပြီးတော့ ရှေ့ဆက်လုပ်ငန်းတွေမှာ ဝေဖန်သုံးသပ်ပြီးတော့ တင်ပြရင်းနဲ့ သွားကြပါလို့ အကြံပြုရင်းနဲ့ကျွန်တော် ဒီမှာတင် နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒုတိယဝန်ကြီးအနေနဲ့ နိဂုံးမချုပ်ပါနဲ့ဦး။ ပြောချင်တာက ဝန်ကြီးဌာနရဲ့ သဘောထားက အတည်ပြုရမှာလား၊ မှတ်တမ်းတင်ရမှာလား၊ အတည်မပြုရမှာလား ဝန်ကြီးဌာနရဲ့ သဘောထားကို တိုတိုနဲ့လိုရင်းပြောပါ။ ဒုတိယဝန်ကြီးက ကိုယ်စားလှယ်တွေဆွေးနွေးတဲ့အပေါ်မှာ ပြန်ပြီးထောက်ခံဆွေးနွေးတာဖြစ်နေပါတယ်။ ဒါကြောင့်မို့ ကျွန်တော်ခုနကတည်းကပြောတယ်။ တိုတိုနဲ့ လိုရင်း ထိထိမိမိ ဝန်ကြီးဌာနရဲ့သဘောထားကို ရှင်းရှင်းလင်းလင်းလေးပဲပြောပေးပါ။

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့သဘောထားအနေနဲ့ အားလုံးဆွေးနွေးတဲ့အပေါ်မှာ အတည်ပြု ပေးဖို့ တင်ပြ အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဦးတင်ထွေး(ဝေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်၏အဆိုနှင့် ပတ်သက်ပြီးတော့ လွှတ်တော် ကိုယ်စားလှယ် ၁၈ ဦးကလည်း အပြည့်အဝထောက်ခံသွားပြီး ဖြစ်ပါတယ်။ ထို့အတူ ဒုတိယဝန်ကြီးကလည်း ဒီအပေါ်မှာ အတည်ပြုဖို့ လွှတ်တော်မှာ တင်ပြသွားပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်အဆိုကို လွှတ်တော်ကြီး ကနေ အတည်ပြုပေးပါရန် လေးစားစွာနဲ့ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးတင်ထွေး တင်သွင်းတဲ့အဆိုကို ကိုယ်စားလှယ် ၁၈ ဦးက ဆွေးနွေးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက အတည်ပြုပေးရန် ရှင်းလင်းပြောကြားခဲ့ပါတယ်။ ထို့အတူ အဆိုရှင်ကလည်း ဒီအဆိုနှင့်စပ်လျဉ်းပြီး အတည်ပြုပေးရန် ပြောကြားခဲ့ပါတယ်။ ဒါကြောင့်ဒီအဆိုနဲ့ စပ်လျဉ်းပြီး အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ဦးတင်ထွေး တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ သြဂုတ်လ ၂၂ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အချိန်၊၁၁း၅၅ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၁၁း၅၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**